စာကြည့်တိုက် စာစဉ် (၇၁)



# ဘရုစ္စ လီ

the key collection

တကြည့်တိုက်စာစဉ် (၇၁)

the key collection

တအုပ်မှတ်တမ်း

the key collection ပထမအကြိမ် မေ ၂၀၁၇

ထုတ်ဝေသူ the key collection (၀၀၀၉၅)

ပုံနှိပ်သူ ရွှေပြည်မွေး (၀၀၁၅၂)

အုပ်ရေ ၅၀၀

တန်ဖိုး ၁၅၀၀ ကျပ်

တအုပ်ချုပ် ကိုမြင့်

မျက်နှာဖုံး ပန်းချီ မောင်ဒီ

book designed by mgthantsin

the key collection ၉၂၀

မူရင်းစာအုပ်အမည် Who was Bruce Lee? by Jim Gigliotti

Illustrated by John Hinderliter

ဘရုစ်လီ / the key collection

- - ရန်ကုန်၊ the key collection ၂၀၁၇။

၉၇ စာ၊ ၁၃ x ၂၁ စင်တီမီတာ။

၁။ ဘရုစ်လီ

(၁) မွေးဖွားခြင်းနှင့် ကလေးဘဝ

(၂) အမေရိကန်သို့အပြန် (၃) ရုပ်မြင်သံကြား သရုပ်ဆောင်

(၄) ကိုယ်ခံပညာရေးပြ (၅) ဇွဲမွေးမော်ပညာရှင်

(၆) ယဉ်ကျေးမှုဆိုင်ရာ အမွမ်းတင်ခံရသော ပုဂ္ဂိုလ်

(၇) စောစီးလွန်းစွာ ထွက်ခွာသွားခြင်း

(၈) ရှင်သန်နေဆဲ အကျော်စောဆုံးသူ

# ဘရုစ္စလီ



စီစဉ်သူ

the key collection

# ခေါင်းစဉ်အညွှန်း


စကားလက်ဆောင် ၉

ဘဂ္ဂရှလီ ၁၁

အခန်း ၁

မွေးဖွားခြင်းနှင့် ကလေးဘဝ ၁၇

အခန်း ၂

အမေရိကန်သို့အပြန် ၂၄

အခန်း ၃

ရှစ်မြှင်သံကြား သရုပ်ဆောင် ၃၅

အခန်း ၄

ကိုယ်ခံပညာရှေ့ပြေး ၄၄

အခန်း ၅

တွေးခေါ်ပညာရှင် ၅၆

အခန်း ၆

ယဉ်ကျေးမှုဆိုင်ရာ အမွှမ်းတင်ခံရသော ပုဂ္ဂိုလ် ၆၄

အခန်း ၇

စောစီးလွန်းစွာ ထွက်ခွာသွားခြင်း ၇၆

အခန်း ၈

ရှင်သန်နေဆဲ အကျော်ဇေယျစာစ်ဦး ၈၆

## စကားလက်ဆောင်

**the key collection** က စာဖတ်သူများ အထူးသဖြင့် လူငယ်လူရွယ်များ စာဖတ်ခလေ့ (**Reading Culture**) ဖွံ့ဖြိုးလာရန် အားပေးလိုသည့်အတွက် စာကြည့်တိုက်စာစဉ်ကို စီစဉ်ဆောင်ရွက်ခြင်း ဖြစ်သည်။ ၂၁ ရာစု မျက်မှောက်ခေတ်ကို နည်းပညာနှင့် အသိပညာ၊ အတတ်ပညာခေတ်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားရာ လူငယ်တစ်ဦးချင်း တစ်ယောက်ချင်းမှ တစ်မျိုးသားလုံး စာဖတ်ခလေ့ ထွန်းကားရေးကို ရည်ရွယ်လျက် စာအုပ်တိုက် တစ်တိုက်အနေဖြင့် တတ်စွမ်းသရွေ့ စီစဉ်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

နှစ်ပေါင်း ထောင်ချီလာခဲ့သည့် လူသားတို့၏ အသိဉာဏ်ပညာ အမွေအနှစ်၊ ယဉ်ကျေးမှု အမွေအနှစ်ကို အထိရောက်ဆုံး ပေးစွမ်းနိုင်သည့် အရာမှာ စာအုပ်စာပေသာ ဖြစ်သည်။ ဆရာဇော်ဂျီ၏ စကားဖြင့် အငှားဆိုရလျှင် စာအုပ်စာပေ စာကြည့်တိုက်တို့သည် လူ့အသိဉာဏ်ပညာ အလုပ်စခန်း (**Workshop**) ဟု ဆိုနိုင်ပါသည်။ မိမိဘဝ တိုးတက်လိုသူတိုင်း အရည်အသွေး ပြည့်ဝလိုသူတိုင်း လူပီသလိုသူတိုင်း စာကို ဖတ်ကို ဖတ်ရမည်သာ ဖြစ်သည်။ စာမဖတ်သော လူမျိုး၊ စာဖတ်ခလေ့ မထွန်းကားသော နိုင်ငံသည် အရာရာတွင် နောက်ကျ ကျန်ရစ်မည်သာ ဖြစ်သည်။

စာဖတ်ခလေ့ ထွန်းကားရေးအတွက် **the key collection** က တတ်စွမ်းသရွေ့ ဆောင်ရွက်သည့်အနေဖြင့် **the key collection** စာကြည့်တိုက်စာစဉ်ကို စီစဉ်ဆောင်ရွက်ပါကြောင်း ထပ်မံ စကားဆိုပါရစေ။

the key collection စာကြည့်တိုက်စာစဉ်များသည် တစ်ဦးချင်း စာဖတ်ခလေ့ ဖွံ့ဖြိုးရေး၊ ကိုယ်ပိုင်စာကြည့်တိုက်၊ အခြေခံပညာကျောင်း စာကြည့်တိုက်၊ ပြည်သူ့စာကြည့်တိုက်များ၏ လိုအပ်ချက်ကို ဖြည့်ဆည်း နိုင်ရန် ဖတ်ရှုသင့် ဖတ်ရှုထိုက်သည့် စာအုပ်များ ရွေးချယ် စီစဉ် ထုတ်ဝေ နိုင်ရန် ကြိုးပမ်းမည် ဖြစ်ပါကြောင်း စာဖတ်သူများအား စကားလက်ဆောင် ပါးပါရစေ။

the key collection

ကယ်လီဖိုးနီးယားပြည်နယ် လောင်းဂ်ဘိချ်၌ ကျင်းပသော နိုင်ငံတကာ ကာရာတေး ပြိုင်ပွဲတွင် ပွဲကြည့် ပရိသတ်တို့သည် ရင်သပ်ရှုမော တအံ့တသြ ဖြစ်ကြရ၏။ ဘရုစ္စလီ အမည်ရှိ အသက်နှစ်ဆယ့်သုံးနှစ်အရွယ် လူငယ်လေး၏ ကိုယ်ခံပညာ သရုပ်ပြသမှုကို ကြည့်ရှုနေကြခြင်း ဖြစ်သည်။ ကိုယ်ခံပညာသည် ကျန်းမာကြံ့ခိုင်ရေး၊ ရင်ဆိုင်တိုက်ခိုက်ရေးနှင့် မိမိကိုယ်ကိုယ်ခုခံ ကာကွယ်ရေးအတွက် နည်းလမ်းများပင် ဖြစ်၏။ တရုတ်၊ ဂျပန်နှင့် ကိုရီးယား ကဲ့သို့သော အာရှဒေသ အသီးသီးတွင် လွန်ခဲ့သော နှစ်ရာပေါင်း များစွာက ပေါ်ထွန်းခဲ့သည့် ပညာရပ်လည်း ဖြစ်သည်။




ကနဦး၌ ဘရုစ္စသည် လက်ထောက်မှောက် လေ့ကျင့်ခန်းကို ပြုလုပ်လိုက်သည်။ သို့သော် သာမန် လက်ထောက်မှောက် လေ့ကျင့်ခန်း မဟုတ်ပေ။ လက်တစ်ဖက်တည်းဖြင့် ဘရုစ္စက လေ့ကျင့်ခန်း ပြုလုပ်ပြနေခြင်း ဖြစ်၏။ ထိုမျှသာမကသေးပဲ လက်တစ်ဖက်တည်းမှ လက်ချောင်းနှစ်ချောင်းကို သုံးကာ လက်ထောက်မှောက် လေ့ကျင့်ခန်း ပြုလုပ်ပြနေပြန်သည်။ လက်ထောက်မှောက် လေ့ကျင့်ခန်းမှာ လက်နှစ်ဖက်စလုံးဖြင့်ပင် အတော်ပင် ခက်ခဲလှသည့် လေ့ကျင့်ခန်း ဖြစ်သည်။ လက်ချောင်း နှစ်ချောင်းတည်းဖြင့်

လေ့ကျင့်ခန်းလုပ်ရန်မှာ မဖြစ်နိုင်ပါချေ။ သို့သော် ဘရုစ္စအတွက်ကား ပြဿနာ မရှိပေ။ မြင့်လိုက် နိမ့်လိုက်၊ မြင့်လိုက် နိမ့်လိုက်ဖြင့် အပြစ်ဆိုဖွယ် မရှိသော ပုံပန်းသဏ္ဌာန်ပင် ဖြစ်၏။ ဘရုစ္စထံ၌ မည်သို့သော အင်အားများ ရှိနေပါသနည်း။

ထို့နောက် 'တစ်လက်မလက်သီး'ဟု အမည်ပေးထားသည့် ပြကွက်အား ဘရုစ္စက ပြသခဲ့သည်။ ပြိုင်ဘက်သည် သူ့ရှေ့တည့်တည့်၌ ရပ်လျက်ရှိ၏။ ဘရုစ္စသည် သူ့လက်အား တစ်လက်မခန့် နောက်သို့ ဆန့်ထုတ်လိုက်သည်။ ရှေ့သို့လည်း အားဖြင့် ထိုးချလိုက်ရာ သူ၏ ပြိုင်ဘက်တစ်ဦးမှာ ကုလားထိုင်တစ်လုံးပေါ်သို့ နောက်ပြန် လဲကျသွားတော့သည်။ အခြားသူတစ်ဦးမှာလည်း လက်သီး လာနေပြီကို သိသည့်တိုင် ရပ်တည်နိုင်စွမ်း မရှိတော့ပေ။ ဘရုစ္စ၌ ရှိနေသည်မှာ မည်သို့သော စွမ်းပကားပေနည်း။

နောက်ဆုံးပြကွက်တွင် ဘရုစ္စသည် သူ့ပြိုင်ဘက်၏ ရှေ့တည့်တည့်၌ ရပ်လျက်ရှိသည်။ တောင့်တောင့်မတ်မတ်ကြီး ရပ်နေခြင်းလည်း ဖြစ်သည်။ ရုတ်တရက်ဆိုသလိုပင် ဘရုစ္စ၏ လက်များသည် လျှပ်ပြက်သကဲ့သို့ ဖျတ်ခနဲ လှုပ်ရှားသွားပြီး တစ်ဖက်လူ တုံ့ပြန်ခြင်း မပြုနိုင်မည်မှာပင် ထိုသူ၏ မျက်နှာရှေ့သို့ ရောက်ရှိသွားတော့သည်။ ဘရုစ္စသည် ထိုသူအား ထိုးနှက်ခြင်း မရှိသကဲ့သို့ ထိပင် မထိလိုက်ပေ။ မည်၍မည်မျှ မြန်ဆန်ကြောင်းကိုသာ



ပြသနေခြင်း ဖြစ်သည်။ ဘရုစ္စ၌ ရှိနေသည်မှာ မည်သို့သော မြန်ဆန်နှုန်း ပါနည်း။

ထိုနေ့က ဘရုစ္စ၏ အံ့မခန်း တင်ဆက်မှု သတင်းစကားတို့သည် ဟောလီးဝုဒ် ထုတ်လုပ်သူ တစ်ဦးထံသို့ ရောက်ရှိသွား၏။ ရုပ်မြင်သံကြား ဇာတ်လမ်းတွဲ အသစ်တစ်ခုအတွက် ဘရုစ္စသည် သင့်တော်သော သရုပ်ဆောင် ဖြစ်နိုင်သူဟုလည်း သူက ယူဆလိုက်သည်။ ယင်းဇာတ်လမ်းတွဲ၌ လည်း တရုတ် ဂျိမ်းစ်ဘွန်း ကဲ့သို့သော စူပါသူလျှိုတစ်ယောက် နေရာတွင်





သရုပ်ဆောင်မည့်သူ လိုအပ်လျက် ရှိ၏။ ထို့ကြောင့်လည်း စမ်းသပ် ရိုက်ကူးကြည့်ရန် ထုတ်လုပ်သူက ဘရုစ္စအား ဖိတ်ခေါ်လိုက်သည်။

ဘရုစ္စသည် ကင်မရာရှေ့၌ သဘာဝကျကျ ဖြစ်နေပေသည်။ ဟောင်ကောင်၌ ကြီးပြင်းလာချိန်က သရုပ်ဆောင်သည့် အတွေ့အကြုံ အတော်များများ သူ့ထံတွင် ရှိနေသည်။ သူသည် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိပြီး ဆွဲဆောင်မှုရှိကာ ရုပ်ရည်အားဖြင့်လည်း ကြည့်ပျော်ရှုပျော်သူ ဖြစ်သည်။ စမ်းသပ်ရိုက်ကူးမှု အဆင်ပြေသွားပေရာ ယင်းရုပ်မြင်သံကြား ဇာတ်လမ်းတွဲ၌ ပါဝင်ခွင့် ရရှိခဲ့သည်။ သူကား ကိုယ်ခံပညာ ထူးချွန်ပြောင်မြောက်သူမျှသာ မဟုတ်တော့ပေ။ ရုပ်မြင်သံကြား သရုပ်ဆောင် အကျော်အမော် တစ်ဦးလည်း ဖြစ်နေပေပြီ။

ဘရုစ္စသည် သူ၏ ဘဝတစ်သက်တာတွင် အခြားသော အရာပေါင်းမြောက်မြားစွာတို့ကိုလည်း ပေါက်မြောက် အောင်မြင်အောင် စွမ်းဆောင်ခဲ့သူ ဖြစ်၏။ သူသည် ကျောင်းဆရာ တစ်ဦးလည်း ဖြစ်ပြီး စာရေးဆရာ တစ်ယောက်လည်း ဖြစ်၏။ အားလုံးသော အလုပ်များထဲတွင် ကမ္ဘာတစ်ဝန်းလုံးက သူ့အား လှုပ်ရှားမှု အသားပေး ရုပ်ရှင်သရုပ်ဆောင် အကျော်အမော် တစ်ဦးအဖြစ် အသိအမှတ် ပြုထားကြသည်။ ရုပ်ရှင်ဇာတ်ကားများထဲတွင် လူဆိုးများအား တိုက်ခိုက်ရန်နှင့် ဝင်ရောက် ကယ်ဆယ်ရန် ဇာတ်ဝင်ခန်းတို့တွင် သူ၏ ကိုယ်ခံပညာ စွမ်းရည်တို့အား အသုံးပြုလေ့ ရှိသည်။

ရုတ်တရက်ပင် ဘရုစ္စ ကွယ်လွန်သွားခဲ့သည်။ သူ၏ အအောင်မြင်ဆုံးသော ရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသခြင်း မပြုမီ ကွယ်လွန်သွားခြင်းလည်း ဖြစ်သည်။ သူကွယ်လွန်ချိန်၌ အသက် သုံးဆယ့်နှစ်နှစ်အရွယ်သာ ရှိပေသေးသည်။

၁၉၇၃ ခုနှစ်အတွင်းက ဖြစ်၏။ ဘရုစ္စလီသည် ယနေ့ခေတ် ကာလထက်လည်း ပို၍ ထင်ပေါ် ကျော်ကြားလျက် ရှိ၏။ အခြားသော ရုပ်ရှင်မင်းသား၊ မင်းသမီးများသည်လည်း ရုပ်ရှင်ဇာတ်ကား အသီးသီးတို့တွင် ကိုယ်ခံပညာရှင်များအဖြစ် သရုပ်ဆောင်ခဲ့ကြသည်။ သို့သော် ဘရုစ္စကဲ့သို့ ကြွကြွခိုင်ခိုင် အားပြည့်အင်ပြည့် မြန်မြန်သွက်သွက်ဖြင့် မည်သူ တစ်ဦးတစ်ယောက်ကမျှ သရုပ်ဆောင်နိုင်ခြင်း မရှိခဲ့ကြပေ။

အခန်း ၁

## မွေးဖွားခြင်းနှင့် ကလေးဘဝ

အစ ကနဦးကတည်းကပင် ဘရစ္စလီသည် အမြဲတစေ လှုပ်လှုပ်ရှားရှား နေတတ် ထိုင်တတ်သော ကလေးတစ်ယောက် ဖြစ်သည်။ ကလေးဘဝတွင်လည်း အားကောင်းမောင်းသန် တလုံးတခဲကြီး ဖြစ်၏။ အမြဲတစေ ပြေးလွှား ခုန်ပေါက် ဆော့ကစား နေတတ်သည်။ သူတို့မိသားစု တိုက်ခန်းဝန်းကျင်၌ ပြေးလွှား ခုန်ပေါက် နေတတ်ရာ ညီအစ်ကို မောင်နှမများက သူ့အား 'မိုစီတင်' ဟု ချစ်စနိုး ခေါ်ဝေါ်တတ်ကြသည်။ 'ငြိမ်ငြိမ်ဆိမ်ဆိမ် ထိုင်နေတတ်ခြင်း အလျှင်းမရှိသူ'ဟု အဓိပ္ပာယ်ရပေသည်။



ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဖရန်စစ္စကိုရှိ တရုတ်တန်းတွင် ဘရုစ္စအား မွေးဖွားခဲ့သည်။ သူ၏ ငယ်မည်မှာ ဂျွန်ဖန်း ဖြစ်၏။ တရုတ်တို့၏ ထုံးတမ်းစဉ်လာအရ 'နောက်ဆုံးအမည်'ကို ပထမဆုံး ခေါ်တွင်လေ့ရှိရာ သူ၏ အမည် အပြည့်အစုံမှာ လီဂျွန်ဖန်း ဖြစ်သည်။

၁၉၄၀ ပြည့်နှစ် နိုဝင်ဘာလ ၂၇ ရက်တွင် ဘရုစ္စကို မွေးဖွားခဲ့သည်။ တရုတ်ပြက္ခဒိန် အလိုအရ နဂါးနှစ် ဖြစ်၏။ တရုတ်ပြက္ခဒိန် အလိုအရပင် သူမွေးဖွားသည့် အချိန်ပိုင်းမှာလည်း နဂါး နာရီပိုင်း ဖြစ်၏ (နံနက် ၆ နာရီမှ ၈ နာရီအထိ) ထို့ကြောင့် တစ်ခါတစ်ရံတွင် ဘရုစ္စအား 'နဂါး'ဟူ၍ လည်းကောင်း၊ ငယ်စဉ်တောင်ကျေး ကလေးဘဝ၌လည်း 'နဂါးလေး' ဟူ၍လည်းကောင်း ခေါ်တွင်တတ်ကြသည်။ နဂါးသည် တရုတ်ယဉ်ကျေးမှု၌ အရေးကြီးသော အမှတ်သင်္ကေတ တစ်မျိုးလည်း ဖြစ်သည်။ နဂါးသည် စွမ်းပကားကြီးခြင်းနှင့် ကံကောင်းခြင်းတို့ကို ဆောင်ကြဉ်းလာတတ်သည့် အဖိုးထိုက်အဖိုးတန် သတ္တဝါတစ်ကောင်လည်း ဖြစ်သည်။

ဆန်ဖရန်စစ္စကိုရှိ ဆေးရုံမှ သူနာပြုဆရာမတစ်ဦးက လီဂျွန်ဖန်းအား အမေရိကန်ဆန်ဆန် ဘရုစ္စဟု အမည်ပေးခဲ့၏။





ဘရုစ္စ၏ ဖခင်ကြီးမှာ လီဟွေးချမ် ဖြစ်သည်။ ဘရုစ္စ မွေးဖွားချိန်က ကယ်လီဖိုးနီးယားရှိ နယ်လှည့် တရုတ် အော်ပရာပြဇာတ်အဖွဲ့မှ လူသိများသော သရုပ်ဆောင်တစ်ဦး ဖြစ်သည်။ တရုတ်နိုင်ငံတွင်လည်း ရုပ်ရှင် ဇာတ်ကားပေါင်း မြောက်မြားစွာ၌ ပါဝင် သရုပ်ဆောင်ခဲ့ဖူးသူ ဖြစ်သည်။ ဘရုစ္စ၏ မိခင်ကြီးမှာ ဂရေ့စ် ဟို ဖြစ်သည်။ လီမိသားစုတို့တွင် ဘရုစ္စ၏ အစ်မကြီးနှစ်ဦးဖြစ်သည့် ဖိုဘီနှင့် အန်း၊ ဘရုစ္စ၏ အစ်ကိုကြီး ပီတာနှင့် ၁၉၄၈ ခုနှစ်တွင် မွေးဖွားသော ဘရုစ္စ၏ ညီငယ် ရောဘတ်တို့ ပါဝင်သည်။

ဘရုစ္စ မွေးဖွားပြီး လပိုင်းလောက်တွင် မိဘများ မွေးဖွားခဲ့ရာ ဇာတိမြေဖြစ်သော ဟောင်ကောင်သို့ ပြန်လာခဲ့ကြသည်။ ဘရုစ္စ ငယ်ရွယ်စဉ်က သူ၏ ပတ်ဝန်းကျင်မှာ ဖခင်ကြီး၏ အလုပ်အကိုင်ဖြစ်သော ဖျော်ဖြေတင်ဆက်မှု အနုပညာရပ်များသာ ဖြစ်သည်။ ဖခင်ကြီးနှင့်အတူ လုပ်ငန်းခွင်သို့ လိုက်ပါသွားရသည်ကို နှစ်ခြိုက်လှပြီး မကြာမီတွင် ရုပ်ရှင်ဇာတ်ကားများ၌ ကိုယ်တိုင် ပါဝင် သရုပ်ဆောင်ခဲ့သည်။ သူသည် မွေးရာပါ သရုပ်



ဆောင်ဗီဇ ပါရှိသူဖြစ်ပြီး ငယ်ငယ်ရွယ်ရွယ်မှာပင် ရုပ်ရှင်ဇာတ်ကားပေါင်း နှစ်ဆယ်၌ ပါဝင် သရုပ်ဆောင်ခဲ့ပြီး ဖြစ်သည်။

ဘရုစ္စသည် စာသင်ကျောင်း၌လည်း အားထုတ်မှု လျော့ပါးသွားခြင်း မရှိပေ။ ချက်ချာ ပါးနပ်သော ကလေးတစ်ယောက် ဖြစ်သည့်တိုင် ပြင်းပြင်းထန်ထန် အားထုတ်မှု မရှိဘဲ တစ်နေရာတည်း၌ အချိန်ကြာမြင့်စွာ ထိုင်၍ ကြိုးစားမှုမျိုး မရှိခဲ့ပေ။ အသက် ဆယ့်နှစ်နှစ် အရွယ်တွင် အလယ်တန်းကျောင်းသို့ ရောက်ရှိသွားခဲ့သည်။ အတန်းများ အားလုံးမှာ အင်္ဂလိပ်ဘာသာဖြင့် သင်ကြားရခြင်း ဖြစ်သည်။ အင်္ဂလိပ်ဘာသာသည် သူ့အတွက် ဘာသာ စကားအသစ်မင် ဖြစ်၏။ အိမ်၌မူ သူတို့မိသားစုသည် တရုတ်စကားသာ ပြောကြဆိုကြ၏။ တစ်ရက်တွင် ကျောင်းမှ သူ၏ အရည်အချင်းနှင့် ပတ်သက်၍ မိခင်ကြီးက မချင့်မရဲ ဖြစ်နေပေသည်။ အသက်ကြီးလာသောအခါ မည်သို့ လုပ်ကိုင်ရှာဖွေ စားသောက်မည်နည်းဟု မိခင်ကြီးက သူ့အား မေးမြန်းလိုက်သည်။

'တစ်နေ့ကျရင် နာမည်ကျော် ရုပ်ရှင်သရုပ်ဆောင် ဖြစ်လာမှာမျ'ဟု ဘရုစ္စက မိခင်ကြီးအား တရုတ်ဘာသာစကားဖြင့် ဖြေကြားလိုက်သည်။

စာပေ လေ့လာဆည်းပူးရမည့်အစား ဘရုစ္စသည် သူ၏ အတိုင်းအဆမဲ့ စွမ်းပကားတို့အား ရန်ပွဲများဆီသို့ လမ်းကြောင်း ပြောင်းပစ်ခဲ့၏။ ဟောင်ကောင်ရှိ ဂိုဏ်းဖွဲ့သည့် ယဉ်ကျေးမှုနှင့် ရောနှော ပေါင်းစပ်သွားတော့သည်။ ကျူးများဟု ခေါ်တွင်သော ကိုယ်ပိုင်ဂိုဏ်းလေး တစ်ခုကိုလည်း ဦးဆောင်ခဲ့သည်။

'အလယ်တန်း ကျောင်းသားဘဝကနေ ကြီးကောင်ဝင်တဲ့ အချိန်အထိ ကျွန်တော်က နည်းနည်း ဒုက္ခပေးတတ်သူမျိုးပဲ။ လူကြီးတွေကတော့ စိတ်ပျက်ကြတာပေါ့'ဟု ဘရုစ္စက နောက်ပိုင်းတွင် ဝန်ခံ ပြောကြားခဲ့သည်။ 'ကျွန်တော်က အလွန်အကျွံ နောက်ပြောင် ကျီစယ်တတ်တယ်။ ပြီးတော့ ရန်လိုတတ်တယ်'။

ဘရုစ္စသည် ရန်ပွဲအတော်များများ၌ စတင် ပါဝင်ဆင်နွှဲတော့၏။ တစ်ရက်တွင် လူပေါင်း ဆယ့်သုံးဦးခန့်နှင့် ရန်ပွဲဆင်နွှဲရာ ရှုံးနိမ့်သွားပြီး မညှာမတာ ရိုက်နှက် ကန်ကျောက် ခံရတော့သည်။ သူ့ကိုယ်သူ ပို၍ ကောင်းမွန်စွာ ကာကွယ်နိုင်ရန်အလို့ငှာ လေ့လာ သင်ယူမည်ဟုလည်း စိတ်ပိုင်းဖြတ်လိုက်တော့သည်။ ထို့ကြောင့် ကွန်ဖူးဟု ခေါ်တွင်သော ကိုယ်ခံပညာအား စတင် လေ့လာ သင်ယူတော့၏။

## တရုတ်တန်းများ

၁၈၀၀ ပြည့်နှစ်တို့၏ အလယ်ပိုင်းတွင် ဆန်ဖရန်စစ္စကိုနှင့် လော့စ်အိန်ဂျယ်လိစ်တို့ ကဲ့သို့သော အနောက်ဘက် ကမ်းရိုးတန်းရှိ မြို့ကြီးများတွင် တရုတ်လူမျိုး ပြောင်းရွှေ့လာကြသူတို့ အခြေချ နေထိုင်ခဲ့ကြ၏။ အချို့သော ပြောင်းရွှေ့ နေထိုင်ကြသူတို့သည် ကယ်လီဖိုးနီးယား ရွှေတူးဖော်ရေးလုပ်ငန်း ပေါ်ထွန်းလာသောအခါ ရွှေရှာဖွေရန် အားထုတ်ခဲ့ကြသည်။ အချို့သောသူတို့ကား အမေရိကန်ပြည်ထောင်စုအား ဖြတ်သန်း ဖောက်လုပ်သည့် ပထမဆုံးသော မီးရထားလမ်း တည်ဆောက်ရာတွင် ဝင်ရောက် လုပ်ကိုင်ခဲ့ကြသည်။

ဤသို့သော ပြောင်းရွှေ့ အခြေချ နေထိုင်သူတို့သည် ၎င်းတို့၏ တစ်မူထူးခြားသော ယဉ်ကျေးမှုနှင့် ဘာသာစကားတို့အား အချင်းချင်း ဝေမျှနိုင်ရန်အလို့ငှာ သီးသန့် လူနေရပ်ကွက်လေးများအား တည်ထောင်ခဲ့ကြ၏။ ယင်း လူနေရပ်ကွက်လေးတို့အား 'တရုတ်တန်းများ'ဟု ခေါ်တွင်သည်။ ထိုတရုတ်တန်းတို့တွင် တရုတ်လူမျိုး ပြောင်းရွှေ့လာကြသူများသည် နေထိုင်ရန် ရောင်းဝယ် ဖောက်ကားရန်နှင့် စားသောက်ရန်အတွက် နေရာအသီးသီးတို့ကို တည်ထောင်ခဲ့ကြ၏။






ရှေးအကျဆုံးနှင့် အကြီးမားဆုံးသော တရုတ်တန်းမှာ ဘရစ္စ မွေးဖွားခဲ့ရာ ဆန်ဖရန်စစ္စကိုၱ တည်ရှိသည်။ ပထမဆုံးသော တရုတ်လူမျိုး ပြောင်းရွှေ့ အခြေချ နေထိုင်သူတို့သည် ဆန်ဖရန်စစ္စကိုသို့ ၁၈၄၈ ခုနှစ်၌ ရောက်ရှိလာခဲ့ကြသည်။ ဆန်ဖရန်စစ္စကိုရှိ တရုတ်တန်းသည် မြို့တော်၏ တက်ကြွ ရှင်သန်လျက်ရှိသော အစိတ်အပိုင်းအဖြစ် တည်ရှိနေဆဲ ဖြစ်သည်။ နယူးယောက်နှင့် ချီကာဂို အပါအဝင် အမေရိကန် မြို့ကြီးများ၌လည်း တရုတ်တန်းများ ရှင်သန်နေကြဆဲ ဖြစ်သည်။

အခန်း ၂

## အမေရိကန်သို့အပြန်

၁၉၅၄ ခုနှစ်တွင် ဘရုစ္စသည် ယစ်မန် အမည်ရှိ ဟောင်ကောင်မှ ကျော်ကြားသော နည်းပြဆရာ တစ်ဦးထံ၌ ကွန်ဖူးပညာရပ်အား စတင် လေ့လာ သင်ယူခဲ့သည်။ ('ဂေါင်ဖူး'ဟု ဘရုစ္စက အမြဲတစေ ရေးသားလေ့ရှိပြီး တရုတ်နိုင်ငံမှ ကန်တုံ ဒေသိယ စကား အသံထွက်အတိုင်း ရေးသားခြင်း ဖြစ်သည်) ဤသို့ ကွန်ဖူး လေ့ကျင့်ခြင်း၏ အကျိုးအားဖြင့် ကိုယ့်ကိုယ်ကိုယ် ကာကွယ်ရန် လေ့လာ သင်ယူနေသည့်တိုင် ရန်ပွဲတို့အား ရှောင်တိမ်းရန်ကိုမူ သဘော မပေါက်နိုင်သေးပေ။ ကျောင်းတွင်သာမက ကျောင်းပြင်ပ၌ပါ ရန်ပွဲ အပြောက်အများ ဆင်နွှဲနေဆဲ ဖြစ်၏။





ရန်ပွဲပေါင်းများစွာ ဆင်နွှဲနေခြင်းကြောင့်လည်း ၁၉၅၈ ခုနှစ်တွင် ကျောင်းတွင်း လက်ဝှေ့ပြိုင်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်ရန် ဆရာတစ်ဦးက ရိုးတိုးရိပ်တိပ် ပြောဆိုလာတော့သည်။ ဘရုစ္စကလည်း ဝင်ရောက် ယှဉ်ပြိုင်ရာ အနိုင် ရရှိခဲ့၏။ သူ၏ပြိုင်ဘက် အမြောက်အမြားတို့အား ပထမအကျော့မှာပင် အလဲထိုး၍ လွယ်လင့်တကူ အနိုင်ရရှိခဲ့ခြင်းလည်း ဖြစ်သည်။ ထို့နောက် ဂရေး အမ်းစ် အမည်ရှိ ဗြိတိသျှကျောင်းသားနှင့် ဗိုလ်လုပွဲတွင် ထိုးနှက် သတ်ပုတ်ရသည်။ အမ်းစ်သည် ပြိုင်ပွဲ၌ သုံးနှစ်ဆက်တိုက် အနိုင်ရ ဗိုလ်စွဲထားသူ ဖြစ်သည့်တိုင် သုံးချီမြောက်၌ ဘရုစ္စက အလဲထိုးကာ ချန်ပီယံဆုအား ဆွတ်ခူး ရရှိခဲ့သည်။

ဘရုစ္စ၏ ကျန်းမာကြံ့ခိုင်မှုနှင့် သွက်လက် လျင်မြန်မှုတို့က ထူးချွန်ပြောင်မြောက်သော လက်ဝှေ့သမားတစ်ဦး ဖြစ်စေခဲ့ခြင်း ဖြစ်၏။ သူ၏ ချောပြေသော လှုပ်ရှားမှုတို့နှင့် ခြေလှမ်း လှမ်းပုံတို့ကလည်း ပြောင်မြောက်သည့် ကချေသည်တစ်ဦး ဖြစ်စေခဲ့ပြန်သည်။ လက်ဝှေ့ပွဲ၌ အနိုင်ရရှိသည်



နှင့် တစ်ပြိုင်နက်တည်းမှာပင် ဟောင်ကောင်၌ ချာချာအက ချန်ပီယံဆုကိုလည်း ရရှိခဲ့၏။

သူ ဆယ့်ရှစ်နှစ်သား အရွယ်တွင် ပြင်းထန်သည့် ရန်ပွဲတစ်ပွဲ၌ ပါဝင်ခဲ့သည်။ ရန်ပွဲဖြစ်ပွားရာသို့ ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိလာကြသည်။ ရဲများက ဘရုစ္စအား သိရှိနေကြရာ လီမိသားစု တိုက်ခန်းရှေ့သို့ ရောက်ရှိလာကြသည်။ 'နောက်တစ်ခေါက် ရန်ဖြစ်ရင်တော့ မင်းကို ထောင်ထဲပို့ရတော့မှာပဲ'ဟု ရဲတပ်ဖွဲ့ဝင်တစ်ဦးက ဘရုစ္စအား သတိပေးလိုက်သည်။


တစ်ခုခုလုပ်မှ ဖြစ်တော့မည်ဟု ဘရုစ္စ၏ မိဘများ သိရှိလာကြ၏။ လွယ်ကူလှသည့် ရွေးချယ်မှု မဟုတ်သည့်တိုင် အမေရိကန်ပြည်ထောင်စုသို့ သူ့အား ပြန်ပို့ရန် ဆုံးဖြတ်လိုက်ကြတော့၏။ ဟောင်ကောင်ဂိုဏ်းတို့နှင့် ဝေးရာ နေရာ၌ သူ့အား ထားလိုက်ခြင်းဖြင့် ပညာကောင်းကောင်း သင်ယူခွင့် ရလိမ့်မည်ဟုလည်း ယူဆထားကြသည်။

လီဟွေးချုမ်၌ ဝါရှင်တန်ရှိ ဆီယေးတဲလ်တွင် စားသောက်ဆိုင်တစ်ဆိုင်ဖွင့်ထားသော မိတ်ဆွေတစ်ဦး ရှိသည်။ စားသောက်ဆိုင် အပေါ်ထပ်ရှိ

အခန်းတစ်ခန်းတွင် ဘရုစ္စအား နေထိုင်ခွင့်ပြုရန်နှင့် စားပွဲထိုးအဖြစ် အလုပ်လုပ်ကိုင်ခွင့်ပြုရန် ထိုမိတ်ဆွေက သဘောတူလိုက်သည်။ ၁၉၅၉ ခုနှစ် ဧပြီလအတွင်းတွင် ဆန်ဖရန်စစ္စကိုသို့ သွားရောက်မည့် သင်္ဘောတစ်စီးပေါ်သို့ ဘရုစ္စ တက်ရောက် လိုက်ပါလာခဲ့သည်။ ထိုမှတစ်ဆင့် ဆီယေးတဲလ်သို့ သွားရောက်မည် ဖြစ်၏။ ဝါရှင်တန် တက္ကသိုလ်၌လည်း စာရင်းပေးသွင်းထားပြီး ဖြစ်သည်။ ဘရုစ္စ၏ စူးစမ်းချင်သည့် သဘာဝကြောင့် နားလည်သဘောပေါက်မှုနှင့် အသိဉာဏ်ပညာအား လေ့လာသည့် ဒဿနိက ဘာသာရပ်အား သင်ယူရန် ကျောင်း၏ အကျိုးတော်ဆောင် ပုဂ္ဂိုလ်တစ်ဦးက သူ့အား အကြံပြုခဲ့သည်။

ဒဿနိကဗေဒအား လေ့လာခြင်း၏ ဩဇာ သက်ရောက်မှုကြောင့် ဘရုစ္စသည် သူ့ကိုယ်သူ မေးခွန်းပေါင်း မြောက်မြားစွာ စတင် မေးမြန်းလာမိ၏။ 'အောင်ပွဲခံပြီးလျှင် မည်သို့ ဖြစ်လာမည်နည်း။ လူတို့သည် အောင်ပွဲအား အဘယ်ကြောင့် များစွာ တန်ဖိုးဖြတ်နေကြသနည်း။ ဂုဏ်ယူဝံ့ကြွားဖွယ် အောင်ပွဲအမျိုးအစားကား မည်သို့ပါနည်း' အစရှိသဖြင့် မေးခွန်းထုတ်နေမိသည်။ ကလေးတစ်ယောက်ကဲ့သို့ ရန်ပွဲပေါင်း များစွာအား အဘယ်ကြောင့် ဆင်နွှဲနေသည်ကိုလည်း စတင် မေးခွန်းထုတ်မိ၏။ ရန်ပွဲတို့ကြောင့် သူ့အကြောင်းကို ကမ္ဘာလောကကြီးက မည်သို့ ရောင်ပြန်ဟပ် ဖော်ပြနေကြပါသနည်း။




jn






ဒသာနိကဗေဒအား ပို၍ လေ့လာလေလေ ရန်ပွဲနှင့် ပတ်သက်သည့် သူ၏ သဘောထား အမြင်တို့မှာလည်း ပြောင်းလဲလာလေလေ ဖြစ်၏။ ငယ်တုန်းရွယ်တုန်း ကာလ၌ ရန်ပွဲများ ဆင်နွှဲနေခြင်းမှာ မှားယွင်းကြောင်းကိုလည်း နားလည် သဘောပေါက်လာခဲ့သည်။ ရန်ပွဲအား ရှောင်ရှားရန် အကောင်းဆုံးသော နည်းလမ်းအား ပြင်ဆင်ထားရန်ကိုလည်း လေ့လာနေခဲ့သည်။

ကောလိပ်ကျောင်း တက်ရောက်နေဆဲ ကာလမှာပင် ဘရုစ္စသည် သူ၏ သူငယ်ချင်းများအား ကွန်ဖူး ကိုယ်ခံပညာကို သင်ကြားပေးလျက် ရှိသည်။ ကနဦး၌ အခမဲ့ သင်ကြားပြသပေးခြင်း ဖြစ်သည်။ ထို့နောက် သူ၏ ကိုယ်ပိုင်သင်တန်းကျောင်း ဖွင့်လှစ်ရန် အချို့သောသူများက အကြံပြုလာကြသည်။ ထို့ကြောင့် ကောလိပ်ကျောင်း တက်ရောက်နေစဉ်အတွင်း ၁၉၆၃ ခုနှစ်တွင် အသက် နှစ်ဆယ့်နှစ်နှစ်အရွယ်ရှိ ဘရုစ္စသည် ဂျုန်ဖန်းကွန်ဖူး သင်တန်းကျောင်းအား ဖွင့်လှစ်ခဲ့သည်။




သူ၏ ကွန်ဖူးသင်တန်းများတွင် ကိုယ်ပိုင် စိတ်ကူးစိတ်သန်းတို့အားလည်း စတင်ထည့်သွင်း ပို့ချခဲ့သည်။ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ရန်အတွက်ချည်း သက်သက်သာ သင်ကြားပေးနေခြင်း မဟုတ်ကြောင်းလည်း သင်တန်းသားတို့အား ဘရုစ္စက ပြောဆိုလေ့ ရှိသည်။ လှုပ်ရှားမှုအား ဖော်ပြရန်အတွက်လည်း သင်ကြား ပို့ချပေးနေခြင်း ဖြစ်သည်။

ဆီယေးတဲလ်ရှိ ဘရုစ္စ၏ သင်တန်းသူတစ်ဦးမှာ လင်ဒါ အမ်မရီ ဖြစ်သည်။ ၁၉၆၃ ခုနှစ် အောက်တိုဘာလတွင် ပြင်ပ၌ ချိန်းဆို တွေ့ဆုံခွင့်ရရန်အတွက် လင်ဒါအား ဘရုစ္စက မေတ္တာရပ်ခံခဲ့သည်။ သူတို့နှစ်ဦး ချစ်ကျွမ်းဝင်မိကြပြီး ထိမ်းမြား မင်္ဂလာဆောင်နှင်းရန်အတွက် အစီအစဉ်များကိုလည်း ရေးဆွဲခဲ့ကြသည်။

ကနဦးက စိတ်ကူးစိတ်သန်းကောင်းတစ်ခုဟု လင်ဒါ၏ မိဘများက မတွေးထားကြပေ။ ဘရုစ္စနှင့် လင်ဒါတို့သည် ဟောင်ကောင်သို့ ပြောင်း



ရွေ့ကာ အဝေးတစ်နေရာ၌ နေထိုင်ကြမည်ကိုလည်း စိုးရိမ် ပူပန်မိကြသည်။ သို့နှင့်တိုင် လင်ဒါနှင့် ဘရုစ္စတို့ကမူ မှန်ကန်သည့် ရွေးချယ်မှုတစ်ရပ်အား ဖန်တီးနိုင်ခဲ့ပြီဟု ခိုင်ခိုင်မာမာ ယူဆခဲ့ကြ၏။ ဘရုစ္စသည် 'အရည်အချင်း ရှိပြီး တည်ကြည် လေးနက်သူဖြစ်ကာ အချစ်ကြီးသည့် နွေးထွေးပျူငှာ သည့်' ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်ဟု လင်ဒါက ပြောပြခဲ့၏။

'လင်ဒါနဲ့ ကျွန်တော်ဟာ တစ်ယောက်တစ်ကွဲ ဖြစ်မနေပါဘူး'ဟု ဘရုစ္စက ပြောဆိုခဲ့ဖူးသည်။ 'အပြည့်အဝတစ်ခုကို ဖန်တီးဖို့အတွက် တစ်ခြမ်းစီ ပေါင်းစပ်ခဲ့ကြတာပါ။ တစ်ခြမ်းတည်း သက်သက်ထက်စာရင် ထက်ခြမ်းနှစ်ပိုင်း အံဝင်ခွင်ကျ ပေါင်းစပ်တာက ပိုပြီး ထိရောက်ပါတယ်'။

ပထမဆုံး ချိန်းဆို တွေ့ဆုံပြီးသည့်နောက် တစ်နှစ်မပြည့်မီမှာပင် ၁၉၆၄ ခုနှစ် ဩဂုတ်လ ၁၇ ရက်၌ ဆီယေးတဲလ်တွင် ဘရုစ္စနှင့် လင်ဒါတို့





ထိမ်းမြား လက်ထပ်လိုက်ကြသည်။ ၁၉၆၅ ခုနှစ်တွင် သားဦးလေး မွေးဖွားခဲ့ပြီး ဘရန်ဒွန်ဟု အမည်ပေးခဲ့ကြသည်။

လီမိသားစုတို့သည် အုတ်ခ်ကလန်သို့ ပြောင်းရွှေ့လာခဲ့ကြ၏။ ဘရုစ်သည် အုတ်ခ်ကလန်၌ သင်တန်းကျောင်း အသစ်တစ်ကျောင်း ဖွင့်လှစ်ခဲ့၏။ ကွန်ဖူးအား သင်ကြား ပို့ချပေးနေသည့်တိုင် သူ၏ ကိုယ်ပိုင် ကိုယ်ခံပညာ နည်းစနစ်တို့ကိုလည်း ဖွံ့ဖြိုး တိုးတက်လာစေရန် စတင် လုပ်ဆောင်လျက် ရှိသည်။

## ချာချာ ချန်ပီယံ



ဘရုစ္စသည် ကွန်ဖူး ကစားနေစဉ်အတွင်း မြန်ဆန်၍ လွယ်လင့်တကူဖြင့် ညက်ညက်ညောညော လှုပ်ရှားလေ့ ရှိ၏။ အလားတူ လက္ခဏာရပ်တို့က ပင် သူ့အား ကချေသည် အကျော်အမော် ဖြစ်စေခဲ့၏။ အမေရိကန်ပြည် ထောင်စုသို့ သင်္ဘောဖြင့် ထွက်ခွာခြင်း မပြုမီက ဘရုစ္စသည် ဟောင်ကောင် ၌ ချာချာ ချန်ပီယံတစ်ဦး ဖြစ်၏။ ချာချာမှာ ၁၉၅၃ ခုနှစ်၌ စတင် ပေါ်ထွန်း ခဲ့သော စည်းဝါး ကျနသည့် လက်တင် အကတစ်မျိုး ဖြစ်သည်။ ကမ္ဘာ့နေ ရာဒေသ အတော်များများတွင် မြန်မြန်ဆန်ဆန် လှုကြိုက်များ ရေပန်းစား သွားသော အကတစ်မျိုးလည်း ဖြစ်၏။

၁၉၅၉ ခုနှစ်၌ အမေရိကန်ပြည်ထောင်စုသို့ သင်္ဘောဖြင့် ထွက်ခွာ လာချိန်တွင် ဘရုစ္စ၏ အိတ်ကပ်အတွင်း၌ ဒေါ်လာတစ်ရာခန့်သာ ပါရှိပြီး သင်္ဘောကုန်းပတ်အောက်ရှိ ဈေးပေါသော အခန်းတွင် စီးနင်း လိုက်ပါလာ ခြင်း ဖြစ်သည်။ သို့သော် များမကြာမီတွင် ဈေးနှုန်း ကြီးမြင့်သည့် အခန်း များတွင် လိုက်ပါလာကြသော ခရီးသည်တို့အား ချာချာအက သင်ကြား ပေးခြင်းဖြင့် အပိုဝင်ငွေများ ရရှိအောင် လုပ်ဆောင်နိုင်ခဲ့၏။

အခန်း ၃

## ရုပ်မြင်သံကြား သရုပ်ဆောင်

၁၉၆၄ ခုနှစ်အတွင်း တစ်ရက်တွင် ဂျေး ဆက်ဘ်ရင်း အမည်ရှိ ပုဂ္ဂိုလ်တစ်ဦးသည် လူအုပ်ကြီးတစ်အုပ်တွင်းသို့ ရောက်ရှိနေသည်။ ကယ်လီဖိုးနီးယားပြည်နယ် လောင်းဘိချ်၌ ကျင်းပသော ပထမအကြိမ် နိုင်ငံတကာ ကာရာတေးပြိုင်ပွဲတွင် ဘရုစ်လီသည် သူ၏ စွမ်းရည်များအား ပြသလျက် ရှိ၏။ ဆက်ဘ်ရင်းသည် ဟောလီးဝုဒ်မှ ထုတ်လုပ်သူ ဝီလျံ ဒိုဇီယာ၏ မိတ်ဆွေတစ်ဦး



ဖြစ်သည်။ ထို့ကြောင့်လည်း ဘရုစ္စအကြောင်းကို ဒိုဇီယာ သိရှိလာခြင်း ဖြစ်သည်။

ထုတ်လုပ်သူဟူသည်မှာ ရုပ်ရှင်ဇာတ်ကားတစ်ကား သို့တည်းမဟုတ် ရုပ်မြင်သံကြား အစီအစဉ်တစ်ခု၏ ရိုက်ကွင်းနောက်ကွယ်မှ အကြောင်းအရာ အတော်များများအား ဖန်တီးသူ ဖြစ်၏။ ရုပ်ရှင်ဇာတ်ကား ဖြစ်မြောက်အောင် ဖန်တီးရန်အတွက် လည်းကောင်း သရုပ်ဆောင်များနှင့် ဒါရိုက်တာများ ငှား ရမ်းရေးအတွက် လည်းကောင်း ရုပ်ရှင်ဇာတ်ကားအတွက် ငွေကြေး မတည် ရန်အတွက် လည်းကောင်း အစစအရာရာ ဆောင်ရွက်ပေးကြရသူများလည်း



ဖြစ်သည်။ ထုတ်လုပ်သူတို့သည် ကင်မရာရှေ့မှောက်သို့ ရောက်ရှိလာခြင်း မရှိကြပေ။ သို့သော် ၁၉၆၀ ပြည့်နှစ်များက ထုတ်လွှင့် ပြသခဲ့သော 'လင်းနို့လူသား' ရုပ်မြင်သံကြား ဇာတ်လမ်းတွဲတို့အား ပြန်ပြောင်း ကြည့်ရှုခွင့် ရလျှင်မူ ဒိုဇီယာ၏ အသံကို ကြားကြရပေမည်။ သူ၏ အသံအောကြီးဖြင့် 'ဒီအတောအတွင်း ဗီလိန်ဟာ ဗုန်းကွယ်နေရာက ပြန်လည်.ထွက်ပေါ်လာပါတယ်'ဟု လည်းကောင်း 'နောက်တစ်ကြိမ် ရုပ်မြင်သံကြားကို ဖွင့်လိုက်တာနဲ့ လင်းနို့လူသား ထုတ်လွှင့်မဲ့အချိန် လင်းနို့လူသားလွှင့်မဲ့ ရုပ်သံလိုင်းမှာ ဆုံတွေ့ကြပါစို့' နောက်ခံစကားပြော ထည့်သွင်းထားလေ့ ရှိသူလည်း ဖြစ်သည်။

ရုပ်မြင်သံကြား ဇာတ်လမ်းတွဲ အသစ်တစ်ခုမှ စိတ်ကူးယဉ် စုံထောက် ဇာတ်ကောင်၏ သားဖြစ်သူ ချာလီချန်း နေရာ၌ သရုပ်ဆောင်ရန်အတွက် ဒိုဇီယာက ဘရုစ္စအား ငှားရမ်းခဲ့သည်။ ယင်းရုပ်သံဇာတ်လမ်းတွဲမှာ ပရိသတ်ရှေ့မှောက်သို့ ရောက်ရှိလာခြင်းမရှိဘဲ နောက်ဆုံး၌ စိတ်ကူးစိတ်သန်းတို့ပင် ပျက်ပြယ်သွားခဲ့ရ၏။ သူ တွေ့ဆုံခဲ့ရသော ဘရုစ္စအား ဒိုဇီယာက သဘောကျ နှစ်ခြိုက်သွားပေသည်။ ထို့ကြောင့်လည်း ရုပ်မြင်သံကြား ဖျော်ဖြေရေး အစီအစဉ်သစ်တစ်ခု လုပ်ဆောင်ရန် အခွင့်အရေးရသည်နှင့် ဘရုစ္စအား ငှားရမ်းခဲ့ပြန်သည်။



'ပျားတူကောင်စိမ်း' (The Green Hornet)အမည်ရှိ ရုပ်မြင်သံကြား အစီအစဉ် ဖြစ်သည်။ လင်းနို့လူသားကဲ့သို့ပင် ကာတွန်းစာအုပ်တစ်အုပ်မှ ဇာတ်ကောင်အား အခြေပြု ရိုက်ကူးထားခြင်း ဖြစ်၏။ လင်းနို့လူသား အနေဖြင့် အကြီးအကျယ် လူကြိုက်များ ရေပန်းစားလျက်ရှိရာ ဒိုဇီယာသည် နောက်ထပ် လူကြိုက်များမည့် အစီအစဉ်အား ရှာဖွေနေခဲ့၏။ ပျားတူကောင်စိမ်း၏ လက်တွဲဖော် ကာတိုနေရာ၌ ဘရုစ္စအား ဒိုဇီယာ သရုပ်ဆောင်စေလိုခြင်း ဖြစ်သည်။ ကာတိုသည် ပျားတူကောင်စိမ်း ဇာတ်ကောင်၏ ယာဉ်မောင်းဖြစ်ပြီး ကိုယ်ရံတော်လည်း ဖြစ်၏။ ပျားတူကောင်စိမ်းနှင့် ကာတိုတို့သည် ရာဇဝတ်မှုများအား အတူချေမှုန်း တိုက်ခိုက်ခဲ့ကြ၏။

ကနဦးတွင် ယင်းဇာတ်ကောင်နေရာ၌ သရုပ်ဆောင်လိုခြင်း ရှိ မရှိ ဆိုသည်ကို ဘရုစ္စအနေဖြင့် သေချာ ရေရာမှု မရှိလှပေ။ သူ ပါဝင်သရုပ်ဆောင်ခြင်း မပြုမီက ရုပ်ရှင်ဇာတ်ကားများနှင့် ရုပ်မြင်သံကြားဇာတ်လမ်းတွဲများတွင် တရုတ်လူမျိုးတို့၏ အခန်းကဏ္ဍမှာ မျက်စိနောက်လောက်အောင် ချဲ့ကား သရုပ်ဆောင်ခြင်းများဖြစ်ပြီး လူဖြူ သရုပ်ဆောင်တို့ကပင် မပီကလာ ပီကလာ ပြောဆို သရုပ်ဆောင်သည်များလည်း ရှိ၏။ ဘရုစ္စအနေဖြင့် တစ်ကြိမ်တစ်ခါသာ သုံးစွဲခဲ့ဖူးသော်လည်း တရုတ်လူမျိုး ဇာတ်ကောင်တို့၏ စကားပြောခန်းတို့တွင် 'အားဆို' ဟူသော စကားလုံးများနှင့် 'မြန်မြန်'ဟူသော စကားလုံးများ မြောက်မြားစွာ ပါရှိလျက်ရှိ၏။ ဘရုစ္စကား သမားရိုးကျပုံစံတို့ဖြင့် အားဖြည့် သရုပ်ဆောင်လိုခြင်း မရှိပေ။

'ဒါက သူ့စည်းမျဉ်းစည်းကမ်းပါပဲ'ဟု လင်ဒါက ပြောဆိုခဲ့ဖူးသည်။



'တရုတ်ယဉ်ကျေးမှုကို နှိမ့်ချ စော်ကားတဲ့ ဘယ်ဇာတ်ကောင်နေရာကဖြစ်ဖြစ် သရုပ်မဆောင်ခဲ့ပါဘူး'။

ဘရုစ္စအနေဖြင့် ယင်းသို့ သရုပ်ဆောင်ရမည် မဟုတ်ကြောင်း ဒိုဇီယာကလည်း အစိုင်အမာ ပြောဆိုခဲ့သည်။ ယင်းသို့အစား ရာဇဝတ်ကောင်တို့အား ဖမ်းဆီးရန်နှင့် အခြားသူတို့အား ဝင်ရောက် ကယ်တင်ရာတွင် ဘရုစ္စ၏ ပါးနပ် ချက်ချာမှုနှင့် ကိုယ်ခံပညာ အစွမ်းအစတို့ကို



ကာတိုအဖြစ် အသုံးပြုပေးရမည် ဖြစ်သည်။ ထို့ကြောင့် ဘရုစ္စသည် အလုပ်ကို လက်ခံလိုက်ပြီး ပျားတူကောင်စိမ်း ရိုက်ကူးမည့် လော့စ်အိန်ဂျယ်လိစ်သို့ လီမိသားစုတို့ ပြောင်းရွှေ့လာခဲ့ကြသည်။

'ပျားတူကောင်စိမ်း'သည် ထိုစဉ်က အသက် နှစ်ဆယ့်ငါးနှစ်အရွယ် ဘရုစ္စအား အမေရိကန် ရုပ်မြင်သံကြား ပရိသတ်တို့နှင့် မိတ်ဆက်ပေးခဲ့၏။ သူ၏ ကွန်ဖူး စွမ်းရည်ကဲ့သို့သော ပြကွက်မျိုးကို ရုပ်မြင်သံကြား၌ ယခင်က ပြသခဲ့ဖူးခြင်း အလျှင်းမရှိပေ။ ဘရုစ္စကား အံ့သြဖွယ်ကောင်းလှသော အရှိန်အဟုန်ဖြင့် တက်လှမ်းလျက် ရှိ၏။ ဇာတ်လမ်းတစ်ပုဒ်တွင် ဘရုစ္စ၏ တုံ့ပြန်ပုံတို့ကား လျင်မြန် ဖျတ်လတ်လွန်းလှသည်။ သူ့ရှေ့မှောက်၌ လက်ဖြန့်ကာ ရပ်နေသူ၏ လက်ထဲမှ ဒင်္ဂါးပြားအား ဖျတ်ခနဲ လှမ်းယူကာ ထိုသူ လက်မဆုတ်မီမှာပင် ဒင်္ဂါးပြား နေရာ၌ အခြားအရာတစ်ခုဖြင့် အစားထိုး ပြသခဲ့သည်။

ဘရုစ္စ၏ မယုံကြည်နိုင်လောက်သော လှုပ်ရှားမှု အားလုံးတို့ကို ကင်မရာတို့ဖြင့် ရိုက်ကူးရန်မှာ မြန်ဆန်လွန်းလျက် ရှိ၏။ 'ပျားတူကောင်စိမ်း'

## လင်းနို့လူသား



လင်းနို့လူသားနှင့် ပျားတူကောင်စိမ်းတို့သည် ရုပ်မြင်သံကြား ဇာတ်လမ်းတွဲများဖြစ်ကြ၏။ ၎င်းရုပ်သံဇာတ်လမ်းတွဲတို့ကို ၁၉၆၆ ခုနှစ်တွင် ပထမဆုံးအကြိမ်အဖြစ် ထုတ်လွှင့် ပြသခဲ့သည်။ လင်းနို့လူသားသည် ပေါကြောင်ကြောင် နိုင်လှပြီး ရယ်ရွှင်ဖွယ်ကောင်းလှ၏။ ကြည့်ရှုသူများကြား၌ ရေပန်းစားလာပေရာ ဟောလီးဝုဒ်မှ သရုပ်ဆောင်တို့သည် ဇာတ်လမ်းတွဲ၌ ဗီလိန် ဧည့်သည် သရုပ်ဆောင်များအဖြစ် ပါဝင်လိုခဲ့ကြ၏။ ပျားတူကောင်စိမ်း၏ ပရိသတ်တို့အား ချဉ်းကပ်ပုံမှာ ပို၍ အလေးအနက် ရှိလှပေသည်။ သို့နှင့်တိုင် လင်းနို့လူသားအား ကြည့်ရှုသည့် နှုန်းထားကို လုံးဝမမီပေ။





လင်းနို့လူသား သုံးခန်းမြောက် ပြပြီးချိန်တွင် ပျားတူကောင်စိမ်းနှင့် ကာတိုတို့အား ထည့်သွင်း ပြသခဲ့သည်။ ယင်းသို့ ထုတ်လွှင့်ပြသခြင်းသည် ပျားတူကောင်စိမ်းအား ပို၍ စိတ်ဝင်တစား ရှိလာစေမည်ဟု ဇာတ်လမ်းတွဲ နှစ်ခုအား ထုတ်လုပ်သူတို့က ယူဆခဲ့ကြသည်။

အခန်းတစ်ခန်းတွင် ဘရုစ္စလီ၏ ဇာတ်ကောင်ဖြစ်သော ကာတိုသည် လင်းနို့လူသား၏ တွဲဖက်ဖြစ်သူ ရော်ဘင်အား တိုက်ခိုက် သတ်ပုတ်ရာတွင် အရှုံးပေးရမည် ဖြစ်၏။ ဘရုစ္စက ယင်းသို့ သရုပ်ဆောင်ခြင်း မပြုလိုပေ။ နောက်ဆုံးတွင် ရှုံးနိမ့်ခြင်းမရှိ သရေပွဲအဖြစ်သာ စာရေးသူတို့က ဆုံးဖြတ်လိုက်ရတော့သည်။

လင်းနို့လူသားအား အခန်းပေါင်း ၁၂၀ ဖြင့် အပိုင်းသုံးပိုင်း ခွဲကာ တင်ဆက် ပြသခဲ့ပြီး ပျားတူကောင်စိမ်းမှာကား အခန်းပေါင်း နှစ်ဆယ့်ခြောက်ခန်း ပါဝင်သည့် အပိုင်းတစ်ပိုင်းသာ ပြသကာ ရပ်ဆိုင်းပစ်ခဲ့သည်။



အား ဖန်တီးသူတို့ကပင် သူ၏ လှုပ်ရှားမှုတို့အား အရှိန်လျှော့ပေးပါရန် မေတ္တာရပ်ခံခဲ့ကြရသည်။ အထူးပြုလုပ်ချက်များ လုံးဝမသုံးဘဲ ဘရုစ္စကဲ့သို့ မြန်မြန်သွက်သွက် လှုပ်ရှားနိုင်သူကို ရုပ်မြင်သံကြား ပရိသတ်တို့က ယုံကြည်လိမ့်မည်ဟု မထင်ကြခြင်းကြောင့် ဖြစ်သည်။

ယင်းရုပ်မြင်သံကြား အစီအစဉ်နှင့် ပတ်သက်၍ ရယ်မောစရာ အဖြစ်အပျက် တစ်ခုလည်း ကြုံတွေ့လာရသည်။ အမိကဇာတ်ကောင်ဖြစ်သော ပျားတူကောင်စိမ်းထက် ကာတိုက ပို၍ လူကြိုက်များလာခြင်း ဖြစ်သည်။ ယင်းကိစ္စမှာ ဘရုစ္စအတွက် ကောင်းသည့်တိုင် ရုပ်သံအစီအစဉ်အတွက်မူ အခြေအနေ ဆိုးရွားနေတော့သည်။ ယင်းအစီအစဉ်မှာ ဇာတ်လမ်းတွဲ အပိုင်း တစ်ပိုင်းဖြင့်သာ အဆုံးသတ် သွားခဲ့ရသည်။ ရုပ်သံအစီအစဉ်အား ဖျက်သိမ်းလိုက်သည်နှင့် ဘရုစ္စသည်လည်း အလုပ်လက်မဲ့ ဖြစ်သွားရတော့သည်။

ရုပ်သံအစီအစဉ်အား ဖျက်သိမ်းပြီးသည့်နောက် လော့စ်အိန်ဂျယ်လိစ်၌ပင် နေထိုင်ကြရန် ဘရုစ္စနှင့် သူ၏ မိသားစုတို့က ဆုံးဖြတ်လိုက်ကြသည်။ ရုပ်ရှင်ဇာတ်ကား အများစုတို့နှင့် ရုပ်မြင်သံကြား ဇာတ်လမ်းတွဲတို့အား လော့စ်အိန်ဂျယ်လိစ်၌သာ ရိုက်ကူးကြခြင်းဖြစ်ရာ ဘရုစ္စ၏ သရုပ်ဆောင် အသက်မွေးဝမ်းကျောင်း အလုပ်နှင့် နီးစပ်မှုရှိသည်ဟုလည်း တွက်ဆထားကြ၏။ များမကြာမီတွင် ရုပ်မြင်သံကြား ဇာတ်လမ်းတွဲများနှင့် ရုပ်ရှင်ဇာတ်ကား အတော်များများ၌ ပါဝင် သရုပ်ဆောင်ရန် ဘရုစ္စအား ငှားရမ်းခဲ့ကြသည်။

၁၉၆၇ ခုနှစ်နှင့် ၁၉၆၈ ခုနှစ် ကာလများတွင် လူကြိုက်များသည့် မှုခင်း ဇာတ်လမ်းတွဲ 'သံမဏိဘက်တော်သား' (Ironside) နှင့် ဟာသဇာတ်လမ်းတွဲ 'ရွှေရောင်ဖျော့ဆံနွယ်' (Blondie) တို့တွင် ကာရာတေးနည်းပြဆရာအဖြစ် ဘရုစ္စ ပါဝင် သရုပ်ဆောင်ခဲ့သည်။ 'သတို့သမီးတို့ လာချေပြီ' (Here Come the Brides) အမည်ရှိ ကောင်းဘွိုင် ဟာသဇာတ်ကားၥ်လည်း တရုတ်လူမျိုး အခြေချ နေထိုင်သူတစ်ဦးနေရာမှ ဧည့်သည် သရုပ်ဆောင်အဖြစ် ပါဝင်ခဲ့သည်။ ရုပ်ရှင်ဇာတ်လမ်းများၥ် လူကောင်းသူကောင်း တစ်ဦးအဖြစ် ပါဝင် သရုပ်ဆောင်လေ့ရှိသည့်တိုင် ဂျိမ်းစ် ဂါနာ ပါဝင် သရုပ်ဆောင်သော 'မာလိုး' (Marlowe) အမည်ရှိ ရုပ်ရှင်ဇာတ်ကားၥ်မှု လူဆိုးလူသွမ်း တစ်ဦးအဖြစ် ပါဝင် သရုပ်ဆောင်ခဲ့၏။ ယင်းဇာတ်ကားၥ် အကျော်ကြားဆုံးသော ဇာတ်ဝင်ခန်းမှာ သူ၏ဦးခေါင်းထက် မြင့်သော မျက်နှာကြက်တွင် ချိတ်ဆွဲထားသည့် မီးလုံးအား ပြုတ်ကျအောင် ဘရုစ္စက ကန်ချပြသည့် ဇာတ်ဝင်ခန်းပင် ဖြစ်သည်။

ဘရုစ္စ၏ သရုပ်ဆောင် အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်မှာ သူ မျှော်လင့်ထားသကဲ့သို့ ဖြစ်မလာသေးချေ။ သူ၏ အနာဂတ်မှာ ကိုယ်ခံပညာသင်ကြား ပို့ချပေးရန်သာ ဖြစ်နေပေသေး၏။



အခန်း ၄

## ကိုယ်ခံပညာရှေ့ပြေး

ဘရုစ္စအနေဖြင့် ကာတိုအဖြစ် 'ပျားတူကောင်စိမ်း' ၌ ပါဝင် သရုပ်ဆောင်လိုက်သည့်အခါ ကိုယ်ခံပညာအား ရုပ်မြင်သံကြား ကြည့်ရှုသူ သန်းပေါင်းများစွာထံမှောက်သို့ မိတ်ဆက် တင်ပြပေးနိုင်ခဲ့သည်။ သူ့ကြောင့်ပင် အမေရိကန်ပြည်ထောင်စု၌ ကွန်ဖူးအား လူကြိုက်များ ရေပန်းစားမှု မြင့်တက်လာခဲ့၏။

ရုပ်မြင်သံကြား ရိုက်ကူးရေး အစီအစဉ် ဖျက်သိမ်းလိုက်သောအခါ ဘရုစ္စသည် ကွန်ဖူး သင်ကြား ပြသရေးကိုသာ ပြန်လည် ဆောင်ရွက်ခဲ့၏။ သူ့ထံ၌ ပြုစု ထောက်ပံ့ရမည့် မိသားစု ရှိနေပေပြီ။ သူ့ဖခင်ကဲ့သို့ပင် ကွန်ဖူး ကစားရခြင်းကို နှစ်မြိုက် သဘောကျသည့် ဘရွှန်ဒွန်အား ပြုစု စောင့်ရှောက်ခြင်းဖြင့်သာ ဘရုစ္စနှင့် လင်ဒါတို့ အလုပ်ရှုပ်နေကြသည်။





၁၉၆၉ ခုနှစ်တွင် ဘရုစ္စနှင့် လင်ဒါတို့က ရှန်နွန်ဟု ခေါ်တွင်သော ဒုတိယမြောက်ရင်သွေး သမီးလေး ရရှိလာခဲ့သည်။

ဘရုစ္စ သင်တန်း ပြန်လည်ပို့ချချိန်တွင် ခန်းမတံခါးဝ၌ ရုပ်ရှင် သရုပ်ဆောင်များ တန်းစီ စောင့်ဆိုင်းနေကြတော့သည်။ ရုပ်ရှင်သရုပ်ဆောင် ဂျိမ်းစ်ကိုဘန်းသည် ဘရုစ္စထံမှ ကွန်ဖူး သင်ကြားလို၏။ ထိုနည်းတူ ရုပ်ရှင် သရုပ်ဆောင် စတိဗ် မက်ကွင်းကလည်း ကွန်ဖူး သင်ယူလိုလျက် ရှိသည်။

ကျော်ကြားလှသော ရုပ်ရှင်ဒါရိုက်တာ တစ်ဦးကလည်း သူ့အား ကွန်ဖူး သင်ကြားပေးရန်အတွက် ဆွစ်ဇာလန်သို့ လာရောက်ရန် ဘရုစ္စအား လေယာဉ်ခပင် ပေးချေခဲ့သေးသည်။ အရပ်အမောင်း ခုနစ်ပေနှင့် နှစ်လက်မရှိသော ဘတ်စကက်ဘော အကျော်အမော် ကာရင်း အဗ္ဗဒူလ် ဂျက်ဘ်ဘာကလည်း သူ့အား ဘရုစ္စက ကွန်ဖူး သင်ကြား ပြသပေးစေလိုသည်။ (ဘရုစ္စနှင့် အဗ္ဗဒူလ် ဂျက်ဘ်ဘာတို့သည် မိတ်ရင်း ဆွေရင်းများ ဖြစ်သွားကြပြီး

ရုပ်ရှင်ဇာတ်ကားတစ်ကားတွင် သူ၏ ပြိုင်ဘက်တစ်ဦးအဖြစ် အဗ္ဗဒူလ်အား ထည့်သွင်း ရိုက်ကူးခဲ့ဖူးသည်)

အချို့သော ရုပ်ရှင်ဇာတ်ကားတို့တွင် ကိုယ်ခံပညာ ဇာတ်ဝင်ခန်းတို့ကို ဘရုစ္စကိုယ်တိုင် ပုံကြမ်းများ စီစဉ် ရေးဆွဲခဲ့သည်။ ရင်ဆိုင် သတ်ပုတ်ခန်းတို့အတွက် ဇာတ်ညွှန်း ရေးသားရာ၌ အထောက်အကူ ဖြစ်စေရန်နှင့် ရုပ်ရှင်သရုပ်ဆောင်များ မည်သို့ ဆောင်ရွက်ရမည်ကို ပြသလိုခြင်းတို့ကြောင့် ဖြစ်သည်။ ထိုသို့ ပုံကြမ်းများ ရေးဆွဲ ဖန်တီးခဲ့သည့် ရုပ်ရှင်ဇာတ်ကားတို့ အနက် တစ်ကားမှာ 'ချေမှုန်းရေးအဖွဲ့' (The Wrecking Crew) ဟူသော ရုပ်ရှင်ဇာတ်ကား ဖြစ်သည်။ ယင်းဇာတ်ကားတွင် ဒင်းန် မာတင်က သူလျှိုတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သည်။ ကွန်ဖူးအား မည်သို့မည်ပုံ အသုံးပြုရကြောင်းကို ဒင်းန်အား ဘရုစ္စက သင်ကြား ပြသပေးခဲ့သည်။ ရုပ်ရှင်လုပ်ငန်းမှ ပုဂ္ဂိုလ်တို့သည် အထူးချွန်ဆုံး သူတို့ထံမှသာ သင်ယူလိုကြပြီး ဘရုစ္စကား အထူးချွန် အပြောင်မြောက်ဆုံး ဖြစ်နေပေသည်။



ဘရုစ္စက ကိုယ်ခံပညာ သင်ကြားပေးနေခြင်း နှင့် ပတ်သက်၍ ရှုမှိုင်း ငေးကြောင် ဝမ်းမြောက်နေကြသည်တော့ မဟုတ်ပေ။ အကြောင်းနှစ်ချက် ရှိပေသည်။

ပထမအချက်မှာ ဘရုစ္စ ကိုယ်တိုင် သင်ကြားပေးနေခြင်းကြောင့် ဖြစ်သည်။ ဘရုစ္စက ကိုယ်ခံပညာရပ်တို့အား အနောက်တိုင်းသားများသို့ သင်ကြားပေးနေခြင်းမှာ ဆိုးရွားလှသော စိတ်ကူးစိတ်သန်းတစ်ခု ဖြစ်သည်ဟု အချို့သော သူတို့က ယူဆကြသည်။ (အနောက်တိုင်းသားများ သို့တည်းမဟုတ် အနောက်ကမ္ဘာ ဟူ



သည်မှာ ပထဝီဝင် အနေအထားအား ဖော်ပြခြင်းမျိုး မဟုတ်ဘဲ ယဉ်ကျေးမှုကို ဆိုလိုခြင်း ဖြစ်သည်။ ဥပမာအားဖြင့် ဥရောပနှင့် မြောက်အမေရိကတို့မှ ပုဂ္ဂိုလ်တို့အား အနောက်တိုင်းသားများဟု ယူဆကြသည်။ တရုတ်၊ ဂျပန်နှင့် အရှေ့အလယ်ပိုင်းဒေသမှ ပုဂ္ဂိုလ်တို့ကိုကား အရှေ့တိုင်းသားများ သို့တည်းမဟုတ် အရှေ့ကမ္ဘာမှ ပုဂ္ဂိုလ်များဟု ယူဆကြသည်) လွန်ခဲ့သော နှစ်ရာပေါင်းများစွာကပင် ကွန်ဖူး အပါအဝင် ကိုယ်ခံပညာရပ် အသီးသီးတို့ကို တရုတ်လူမျိုး ဆရာကြီးများက တရုတ်လူမျိုး ကျောင်းသားကျောင်းသူများကိုသာ သင်ကြား ပို့ချပေးခဲ့ကြခြင်း ဖြစ်သည်။ ဘာရုစ္စ အနေဖြင့် ကွန်ဖူး၏ လျှို့ဝှက်ချက်တို့ကို တရုတ်လူမျိုး မဟုတ်သူတို့အား မျှဝေနေခြင်းမှာ မှားယွင်းသည်ဟု ရိုးရာဓလေ့တို့အား လိုက်နာကြသူ တရုတ်လူမျိုး အမြောက်အမြားတို့က ယူဆထားကြသည်။ ကယ်လီဖိုးနီးယားပြည်နယ် အုတ်ခ်ကလန်၌ ကွန်ဖူး ပညာရပ်တို့အား ဘာရုစ္စက စတင် ပို့ချနေချိန်တွင်လည်း ရိုးရာဓလေ့အား ထိန်းသိမ်းကြသူ ကျောင်းဆရာတစ်စုက ယှဉ်ပြိုင်သတ်ပုတ်ကြရန် သူ့အား လာရောက် စိန်ခေါ်ခဲ့ကြသည်။ ၎င်းတို့၏ ကိုယ်စားပြုသူက ဘာရုစ္စအား အနိုင်တိုက်နိုင်ပါက တရုတ်လူမျိုး မဟုတ်သူတို့အား





သင်ကြား ပြသနေခြင်းကို ရပ်တန့်ပစ်လိုက်ရမည် ဖြစ်သည်။ စိန်ခေါ်လာသည်ကို ဘရုစ္စက လက်ခံလိုက်ပြီး ယှဉ်ပြိုင် တိုက်ခိုက်ကြရာ၌ လွယ်လင့်တကူ အနိုင်ရရှိခဲ့သည်။ သူ၏ သင်တန်းကျောင်းအား ဆက်လက် ဖွင့်လှစ်ထားခဲ့ပြီး သူ သင်ကြားပြသပေးလိုသည့် မည်သူ့ကိုမဆို ဆက်လက် သင်ကြားပြသလျက် ရှိ၏။

ဒုတိယ ပြဿနာရပ်ကား ဘရုစ္စ သင်ကြားပေးလျက်ရှိသောသူတချို့ကြောင့် ဖြစ်သည်။ ကိုယ်ခံပညာ သင်ကြားပေးရာ၌ နည်းစနစ်ဟောင်းတို့ကို ဘရုစ္စက ဖက်တွယ်ထားခြင်း မရှိပေ။ အခြေအနေ အရပ်ရပ်တွင် အကောင်းဆုံးသော ကိုယ်ခံပညာရပ်ဟူ၍ တစ်မျိုးတည်း ရှိသည်ဟု ဘရုစ္စက မယူဆပေ။ အားလုံး ခြုံကြည့်လျှင် မည်သည့် စည်းမျဉ်းစည်းကမ်းမှ လိုက်နာခြင်း မရှိကြသည့် လမ်းပေါ်ရန်ပွဲ ယှဉ်ပြိုင်ဘက်တို့ထံမှ ဘရုစ္စက လေ့လာ သင်ယူခဲ့ခြင်း ဖြစ်သည်။ မည်သို့မည်ပုံ ရပ်တည်၍ မည်သည့် နည်းစနစ်တို့အား အသုံးပြုမည်ဟု စိုးရိမ် ပူပန်လွန်းနေပါလျှင် ကိုယ့်ကိုယ်ကိုယ် ခုခံကာကွယ်နိုင်မည် မဟုတ်ချေ။ 'တကယ့် နည်းစနစ်ဆိုတာက အလုပ်ဖြစ်ဖို့ပါပဲ'ဟု ဘရုစ္စက ပြောကြားခဲ့ဖူးသည်။

ကိုယ်ခံပညာ၏ အသုံးအတည့်ဆုံးသော ကဏ္ဍများအား ရယူကာ ရှင်းလင်း လွယ်ကူအောင် ဆောင်ရွက်ပြီး ကိုယ်ပိုင်ဟန်အား ဖန်တီးရမည်ဟု

ဘရုစ္စက ယူဆခဲ့သည်။ 'ဂျိကွန်ဒို'ဟု ခေါ်တွင်သော နည်းစနစ်အား ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့သည်။ 'ဂျိကွန်ဒို'အား ဘာသာပြန်ဆိုလျှင် 'ကြားဖြတ် လက်သီးနည်းနာ'ဟူ၍ ဖြစ်သည်။ သို့သော် သူ၏ နည်းစနစ်အား 'နည်းနာမဲ့ နည်းစနစ်'ဟု ခေါ်တွင်ခြင်းကို ဘရုစ္စက နှစ်မြို့က်လှသည်။

တကယ်တမ်းတွင် 'နည်းစနစ်'ဟုပင် ဘရုစ္စက ခေါ်တွင်လိုခြင်း အလျှင်း မရှိပေ။ ဂျိကွန်ဒိုမှာ တိုက်ခိုက်ရေးစနစ်အစား တိကျသော လေ့ကျင့်ရေးပုံစံ ဖြစ်သည်ဟု ယူဆခဲ့၏။ ယင်းပုံစံအား အမည်သတ်မှတ် ခေါ်ဆိုရခြင်းကိုလည်း မနှစ်မြို့ပေ။ 'ဂျိကွန်ဒိုဆိုတာက အသုံးပြုဖို့ နာမည်သက်သက်ပါပဲ။ မြစ်ကို ဖြတ်ကူးဖို့ လှေတစ်စင်းပါ'ဟုလည်း ပြောဆိုခဲ့ဖူးသည်။ 'ဖြတ်ကူးပြီးရင်တော့ စွန့်ပစ်ထားလိုက်ဖို့ပဲ ရှိတာပါ'။



ဘရုစ္စ၏ မူလ လေ့ကျင့်မှုမှာ ကွန်ဖူးဖြစ်သည့်တိုင် ကွန်ဖူးဖြင့် ဘောင်ခတ် ကန့်သတ်ထားခြင်း မပြုလိုပေ။

ဘရုစ္စသည် အထုံပါရမီ အလုံးစုံတို့အား အသုံးပြုလိုသူ ဖြစ်၏။ 'တိုက်ခိုက် သတ်ပုတ်ကြတယ်ဆိုတာဟာ တရုတ် ကိုယ်ခံပညာ ဖြစ်ဖြစ် ဂျပန် ကိုယ်ခံပညာပဲ ဖြစ်ဖြစ် ကိုယ်ဘာဓလေ့ လေ့ကျင့်နေကြောင်း ထုတ်ပြရတဲ့ဟာမျိုး မဟုတ်ဘူး'ဟုလည်း ဘရုစ္စက ပြောဆိုခဲ့ဖူးသည်။

သူ၏ ဆိုလိုရင်းအား အနောက်တိုင်းသားတို့ နားလည် သဘောပေါက်စေရေးအတွက် လက်ဝှေ့သမား သို့တည်းမဟုတ်

နပန်းသမားတို့အား ဥပမာပေး၍ ပြောပြရခြင်းကို ဘရုစ်လီက သဘောကျပေသည်။ လက်ဝှေ့သမားတစ်ဦးသည် သူနှင့် ပြိုင်ဘက်တို့အကြား၌ နေရာကျယ်ကျယ် ရှိနေခြင်းကို သဘောတွေ့လှ၏။ သို့မှသာ သူ၏ လက်တံတို့ကို ဆန့်ထုတ်နိုင်ပြီး အခြားသော ယှဉ်ပြိုင် ထိုးသတ်သူထံမှောက်သို့ လက်သီးပြင်းပြင်းများ ပစ်သွင်းနိုင်မည် ဖြစ်သည်။ နပန်းသမားသည် သူ၏ ပြိုင်ဘက်နှင့် နီးနိုင်သမျှ နီးနီးကပ်ကပ် ရှိလိုလှသည်။ သို့မှသာ ယှဉ်ပြိုင်ထိုးသတ်သူအား လုံးထွေး သတ်ပုတ်နိုင်မည် ဖြစ်သည်။ လက်ဝှေ့သမား



နှင့် နပန်းသမားတို့အချင်းချင်း သတ်ပုတ်ကြပါက ၎င်းတို့ လေ့ကျင့်ခဲ့ရမှုပေါ် မူတည်၍ တစ်ဦးနှင့်တစ်ဦး အနိုင်တိုက်နိုင်မည် မဟုတ်ပေ။ ယင်းသို့အစား သင်ကြားခဲ့ရသည့် ပုံစံတို့အား ဖျက်ချိုး လွတ်မြောက်ရန် လိုအပ်ပေသည်။

လမ်းဘေး ရန်ပွဲတစ်ပွဲတွင် သူ၏ ပြိုင်ဘက်တို့သည် တိကျသည့် စည်းမျဉ်းစည်းကမ်းတို့ကို လိုက်

နာကျင့်သုံးလေ့ မရှိကြကြောင်း ဘရုစ္စက ပြောဆိုလေ့ ရှိ၏။ ယင်းသို့ဆိုလျှင် မည်သည့် နည်းစနစ်အား လိုက်နာရပါမည်နည်း။ ဂျိကွန်ဒိုသည် နည်းစနစ် ဟူသမျှတို့မှ သူ့အား လွတ်မြောက် သွားစေသည်ဟု ဘရုစ္စက ယုံကြည်ခဲ့သည်။ သူ၏ ချဉ်းကပ်ပုံတို့ကိုလည်း ရိုးရိုးစင်းစင်းဖြင့် အကျဉ်းချုံးဖော်ပြလေ့ရှိသည်။ 'ရန်သူက အေးအေးသက်သာ နေနေရင် သူ့ထက် ပိုပြီး အေးအေးညောင်းညောင်းရှိအောင် နေရမယ်။ ရန်သူက လှုပ်ရှားပြီဆိုတာနဲ့ သူ့ထက် ပိုပြီး မြန်ဆန်အောင် လှုပ်ရှားရမယ်'ဟူ၍ ဖြစ်၏။

စိတ်ဝင်စားဖွယ်ကောင်းသည်မှာ ဆယ်ကျော်သက်အရွယ် လွန်မြောက်ပြီး နောက်ပိုင်းကာလတွင် ဘရုစ္စသည် ပြိုင်ပွဲများ၌ပင် ပွတ်ကာသီကာသာ တိုက်ခိုက် သတ်ပုတ်လေ့ရှိခြင်း ဖြစ်၏။ ရှေးခေတ် တရုတ်တပ်မှူးကြီးနှင့် အတွေးအခေါ်ပညာရှင်ဖြစ်သူ ဆွန်ဇူးက 'စစ်ဆင်ခြင်း၏ အထွတ်အထိပ် အကျဆုံးသော နည်းဗျူဟာမှာ ရန်သူအား တိုက်ခိုက်ခြင်း အလျှင်းမရှိဘဲ အောင့်အည်း သည်းခံနေခြင်းပင် ဖြစ်၏'ဟု ဆိုသည်။ ဘရုစ္စသည် ယင်း



စကားလုံးတို့အား ရုပ်ရှင်ဇာတ်ကား တစ်ကား၌ ပြန်လည် သုံးစွဲခဲ့ဖူးပြီး သူ သုံးစွဲသော ဟန်မှာ 'တိုက်ခိုက်ခြင်း အလျှင်းမရှိသော တိုက်ခိုက်ခြင်း ဗျူဟာ' ဟု ဖော်ပြခဲ့သည်။ ကိုယ်ခံပညာ ဆရာတစ်ဆူအဆင့် အနေဖြင့် ရန်ပွဲများ အား ရှောင်တိမ်းရန် သူ့အား အထောက်အကူ ပြုခဲ့ပေသည်။ ဘရုစ္စသည် တိုက်ရည်ခိုက်ရည် ကောင်းလွန်းလှရာ ၎င်းတို့သာ ဒုက္ခတွေ့ဖွယ် ရှိကြောင်း အခြားသူတို့ကလည်း သိရှိထားကြ၏။

ယင်းအကြောင်းကြောင့်လည်း ရုပ်မြင်သံကြား ဖန်သားပြင်နှင့် ရုပ်ရှင်ပိတ်ကားများမှ ဘရုစ္စ ကင်းကွာနေခဲ့ရသည်။ ငွေရောင် ပိတ်ကားပေါ်သို့ ထာဝရ အကြီးကျယ်ဆုံးသော ကိုယ်ခံပညာ ဆရာတစ်ဆူအဖြစ် မထင်မှတ်ထားဘဲ ရောက်ရှိလာခဲ့ရခြင်းလည်း ဖြစ်သည်။

## လူကြိုက်အများဆုံးသော ကိုယ်ခံပညာရပ်များ

ကမ္ဘာတစ်ဝန်းလုံးရှိ နေရာဒေသ အသီးသီးတို့၌ ကိုယ်ခံပညာရပ် နည်းစနစ် ရာပေါင်းများစွာ ရှိပေသည်။ အချိန်နှင့်အမျှ လက်တွေ့ အသုံးတည့်သော ကိုယ်ခံပညာရပ် အသီးသီးတို့တွင် ပါဝင်သည့် အစိတ်အပိုင်းများအား ယုံကြည်ခြင်းကြောင့် ဂျိုကွန်ဒိုအား ဖွံ့ဖြိုး တိုးတက်အောင် ဘရုစ္စလီ လုပ်ဆောင်ခဲ့သည်။ သို့သော် တစ်ချိန်လုံး လက်တွေ့ အသုံးတည့်သည့် ကိုယ်ခံပညာရပ်ဟူ၍ မရှိပေ။



အိုက်ကီဒို - မိမိကိုယ်ကိုယ် ခုခံကာကွယ်ရေးအတွက် ဂျပန်လူမျိုးတို့၏ နည်းစနစ်တစ်ခု ဖြစ်သည်။ အိုက်ကီဒိုသည် ရုပ်ပိုင်းဆိုင်ရာ စွမ်းပကား၌ အမှီသဟဲပြုခြင်း မရှိပေ။ တိုက်ခိုက်လာသူ၏ အားအဟုန် ဖြင့်ပင် ပြန်လည်ခုခံခြင်း ဖြစ်သည်။

ဟပ်ကီဒို - ကိုယ့်ကိုယ်ကိုယ် ခုခံကာကွယ်သော နည်းစနစ်ဖြစ်ပြီး ကိုရီးယားမှ စနစ်တစ်ခု ဖြစ်သည်။ အိုက်ကီဒိုမှ အစိတ်အပိုင်းတို့ ပါရှိပြီး ထိုးချက် ကန်ချက်တို့ကို ထိထိရောက်ရောက် အသုံးပြုလေ့ ရှိသည်။


ဂျူဒို - ၁၉၆၄ ခုနှစ်ကတည်းက အိုလံပစ် အားကစားနည်းတစ်ခု ဖြစ်ခဲ့သော ဂျူဒိုသည် ဂျပန်လူမျိုးတို့၏ ကိုယ်ခံပညာ ဂျူဂျစ်ဆုမှ ဆင်းသက် ပေါက်ဖွားလာခြင်း ဖြစ်သည်။ ဂျူဒိုတွင် ပြိုင်ဘက်အား မှောက်မပေါက်ရန်နှင့် လှဲချရန်တို့အတွက် မြန်အားနှင့် ကုပ်အားတို့ကို အသုံးပြုလေ့ ရှိသည်။




ဂျူဂျစ်ဆု - လက်နက် ကိုင်ဆောင်ထားသည့် ပြိုင်ဘက်အား ခုခံ ကာကွယ်ရာတွင် အသုံးပြုသော ဂျပန် ဆာမူရိုင်း စစ်သည်တော်တို့ ဖွံ့ဖြိုး တိုးတက်အောင် လုပ်ဆောင်ခဲ့ကြသည့် နည်း

စနစ်တစ်ခု ဖြစ်သည်။ ကုပ်တွယ် ဖမ်းကိုင်ခြင်း ပစ်ပေါက်ခြင်းနှင့် ထိုးနှက်ခြင်းများအား အသုံးပြုလေ့ ရှိသည်။

ကာရာတေး – အာရုံနှင့် စွမ်းပကားတို့အား စုစည်းကာ ပြင်းပြင်းထန်ထန် မြန်မြန်ဆန်ဆန် တိုက်ခိုက်ခြင်းအား အလေးထားသည်။ ထိုးချက် ကန်ချက်နှင့် လက်ဝါးစောင်းဖြင့် တိုက်ခိုက်ခြင်းတို့ကို အကျိုးရှိရှိ အသုံးချလေ့ ရှိသည်။ ကာရာတေးကို ဂျပန်နိုင်ငံ၏ အစိတ်အပိုင်း အားကစားတစ်ခုအဖြစ် သတ်မှတ်ထားကြသည်။



ကွန်ဖူး – တရုတ်လူမျိုးတို့၏ ကိုယ်ခံပညာရပ် အမျိုးမျိုးအနက်မှ တစ်မျိုး ဖြစ်သည်။ ဘရုစ္စလီ၏ အစောပိုင်း ကိုယ်ခံပညာရပ်တို့မှာ ဝင်ချွန်ဟု ခေါ်တွင်သော ကွန်ဖူး နည်းစနစ်များ ဖြစ်သည်။ အနီးကပ် ထိုးနှက် တိုက်ခိုက် ဖမ်းဆုပ်သည့် နည်းစနစ်တစ်ခုလည်း ဖြစ်သည်။

တိုက်ကွမ်ဒို – ကိုယ့်ကိုယ်ကိုယ် ခုခံ ကာကွယ်သည့် ကိုရီးယားကိုယ်ခံပညာရပ် ဖြစ်သည်။ အခြားသော ကိုယ်ခံပညာရပ်တို့ထက် ကန်ချက်ကို ပို၍ အမှီသဟဲ ပြုသည်။ တိုက်ကွမ်ဒိုသည်လည်း အိုလံပစ် အားကစားတစ်ခု ဖြစ်၏။



တိုက်ချီ – တရုတ်လူမျိုးတို့၏ ရှေးဟောင်း ကိုယ်ခံပညာရပ် ဖြစ်သည်။ ဖြည်းဖြည်းနှေးနှေးဖြင့် လှုပ်ရှားမှုကို ထိန်းချုပ်ကာ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ရန်အတွက် အသုံးပြုလေ့ ရှိသည်။

အခန်း ၅

## တွေးခေါ်ပညာရှင်


ကိုယ်ခံပညာရပ်တို့ဖြင့် ဘရုစ္စ၏ စွမ်းရည် ပြသခြင်းတို့မှာ ၁၉၇၀ ပြည့်နှစ်တွင် လုံးဝ နိဂုံးချုပ် သွားခဲ့သည်။ တစ်မနက်ခင်းတွင် အလေးမ လေ့ကျင့်ခန်းများ လုပ်ဆောင်နေစဉ်အတွင်း သူ၏ ကျောပြင်ဆီမှ နာကျင်မှု ဝေဒနာကို ခံစားခဲ့ရသည်။ နောက်တစ်ရက်တွင် နာကျင်မှုမှာ ပို၍ ဆိုးရွားလာပေသည်။ နောက်တစ်ရက် ရောက်သော်လည်း ဝေဒနာ မပျောက်ဘဲ နာကျင်နေဆဲ ဖြစ်သည်။ မကြာမီတွင် မခံမရပ်နိုင်လောက်အောင် နာကျင် ကိုက်ခဲလာတော့သည်။ သို့နှင့် ဆရာဝန်တစ်ဦးထံသို့ သွားရောက် ပြသခဲ့သည်။ သူ၏ ကျောပြင်ရှိ အာရုံကြောမှာ ထာဝရ ပျက်စီးသွားပြီဟု ဆရာဝန်က သူ့အား ပြောကြားလိုက်သည်။ ဘရုစ္စ၏ ကွန်ဖူး အသက်မွေးဝမ်းကျောင်း အလုပ်မှာ အဆုံးသတ်သွားပြီဟုလည်း ပြောဆိုလိုက်၏။

နောက်သုံးလလုံးလုံး အိပ်ရာထဲ၌သာ နေရတော့သည်။ သုံးလကြာပြီးနောက်တွင်လည်း မည်သည့် ကိုယ်ခံပညာ လေ့ကျင့်ခန်းကိုမျှ လုပ်ဆောင်နိုင်ခြင်း မရှိသေးပေ။ ခြောက်လ ကြာမြင့်သည့်တိုင်အောင်လည်း ကိုယ်ခံပညာ လေ့ကျင့်မှုတို့ကို လုပ်ဆောင်နိုင်ခြင်း မရှိသေးပြန်ပေ။

'အောင်မြင်မှုတိုင်းမှာ အတားအဆီး အဟန့်အတား ကြီးကြီးမားမား မဟုတ်ရင်၊ သေးသေးကွေးကွေးလေးတော့ ရှိနေမြဲပါပဲ'ဟု နောက်ပိုင်းတွင် ဘရုစ္စက ပြောဆိုခဲ့ဖူးသည်။ 'အရေးပါတယ်ဆိုတဲ့ အဟန့်အတားတွေရဲ့ တုံ့ပြန်မှုကို ကြည့်လိုက်တော့လည်း ခလုတ်ကန်သင်း အတားအဆီးရယ်လို့တောင် ပြောလို့ မရတော့ဘူး'။

ဤနေရာ၌ ဘရုစ္စအတွက် အတားအဆီးမှာ သူ၏ ဒဏ်ရာ အနာတရ ဖြစ်မှုပင် ဖြစ်သည်။ သူ၏ ဘဝတစ်သက်တာတွင် ပထမဆုံးအကြိမ် အဖြစ်

မလှုပ်မရှား နေထိုင်နေရခြင်းလည်း ဖြစ်သည်။ ယင်းဝေဒနာအား မည်သို့ တုံ့ပြန်ပါမည်နည်း။ ဘရုစ္စသည် ဝမ်းနည်း ကြေကွဲကာ မှိုင်တွေနေခြင်း မရှိပေ။ ထို့အတူ အလဟဿ အချိန်ဖြုန်းတီးနေခြင်းလည်း မရှိပေ။ သူ့ဘာသာသူ စည်းမျဉ်းရေးဆွဲ ချမှတ်ထားသော ဒဿနိက ဘာသာရပ်အား တိုးတက်ဖွံ့ဖြိုးအောင် ဆက်လက် လုပ်ဆောင်နေခဲ့၏။ ဘဝ၏ အခြေခံ သဘောတရားတို့နှင့် ပတ်သက်သည့် အခြားသူတို့၏ စိတ်ကူးစိတ်သန်း စာအုပ်ပေါင်း မြောက်မြားစွာတို့ကို ဘရုစ္စ ဖတ်ရှုခဲ့သည်။ သူ့ထံ၌ စာကြည့်တိုက်ကြီးတစ်ခုလည်း ရှိသည်။ ခန့်မှန်းခြေအားဖြင့် စာအုပ်ပေါင်း နှစ်ထောင်ငါးရာကျော် ရှိပေသည်။



ဘရစ္စသည် ယင်းစာအုပ်တို့အား လေ့လာ ဖတ်ရှုကာ အကြောင်းအရာပေါင်း မြောက်မြားစွာတို့အား တွေးတော ကြံဆနေခဲ့သည်။ ဂျိကွန်ဒို အကြောင်းအားလည်း တွေးတောနေခဲ့၏။ ဘဝ အကြောင်းအားလည်း တွေးတောနေခဲ့၏။ ကိုယ်ခံပညာအား သင်ကြား ပို့ချရာ၌ သူ၏ ဘဝအတွေးအမြင်များအား မည်သို့ ထည့်သွင်းရမည်ကိုလည်း တွေးတောနေခဲ့သည်။

ထို့ပြင် စာရေးသားခြင်းအားလည်း စတင် လုပ်ဆောင်ခဲ့သည်။ ဂျိကွန်ဒို ကိုယ်ခံပညာနှင့် နေ့စဉ်ဘဝ ရှင်သန် နေထိုင်ရေးအတွက် အတွေးအမြင်တို့ကို စာအုပ်အသီးသီးတို့၌ မှတ်စုများအဖြစ် စုဆောင်းထားခဲ့သည်။

ဘရစ္စသည် အမြဲတစေ လှုပ်လှုပ်ရှားရှား နေတတ်သူတစ်ဦးဖြစ်ရာ ပြန်လည်၍ လှုပ်ရှားသွားလာလိုလျက် ရှိ၏။ ဆရာဝန် ပြောကြားထားသည်တို့အား သိရှိသည့်တိုင် ဆရာဝန် မှားယွင်းကြောင်း သက်သေထူရန်လည်း ရည်မှန်းထား၏။

ပြန်လည် ကောင်းမွန်လာစေရေးအတွက် သူ၏ ကိုယ်ပိုင် နည်းဗျူဟာတို့ကိုလည်း အသေးစိတ် စီစဉ်နေခဲ့၏။ အစကနဦး၌ ဖြည်းဖြည်းချင်း စတင်ဆောင်ရွက်ခဲ့သည်။ ထို့နောက် ကျန်းမာရေး ဒေါင်ဒေါင်မြည် ပြန်ဖြစ်လာအောင် တဖြည်းဖြည်း လုပ်ဆောင်တော့၏။ သူ၏ ကျန်ရှိသည့် လူ့ဘဝတာအတွင်း ကျောပြင် နာကျင်မှုဝေဒနာအား ခံနိုင်ရည်ရှိရန် လေ့ကျင့်နေခြင်းလည်း ဖြစ်သည်။ သို့နှင့်ပင် သူ၏ အခြေအနေမှာ နဂို ရှိရင်းစွဲ အနေအထားသို့ ရောက်လာခဲ့သည်။

သူ၏ ကျန်းမာရေး လေ့ကျင့်ခန်းတို့မှာ လုံးလုံးလျားလျား ပြောင်းလဲပစ်ခြင်းများ ဖြစ်သောကြောင့် ကိုယ်ခံပညာရပ်တို့အား ပြန်လည် လေ့ကျင့်ရန်အတွက် အထောက်အကူ ကြီးကြီးမားမား ဖြစ်စေခဲ့သည်။ သူ၏ နည်းနာတို့မှာ ထိုခေတ် ထိုကာလက ရှုးရှုးရိုက်ရိုက် လုပ်လေ့လုပ်ထ မရှိကြသည့်တိုင် ကာလ ရွေ့လျောလာသောအခါ ယင်းနည်းနာတို့အား လက်ခံကျင့်သုံးလာခဲ့ကြသည်။

သာဓကအားဖြင့် အလေးမ လေ့ကျင့်ခြင်း ဖြစ်သည်။ ဘရစ္စတို့ခေတ်ကာလက အလေးမ လေ့ကျင့်ခြင်းအား ခန္ဓာကိုယ် ကြွက်သားတို့အား တတ်နိုင်သမျှ ကြီးထွားရန် ဖန်တီးလိုကြသည့် ကာယဗလသမားများသာ အများအားဖြင့် အသုံးပြုလေ့ ရှိကြပေသည်။ ဘရစ္စသည် ငါးပေခုနစ်လက်မသာ အရပ်အမောင်း မြင့်မားသူဖြစ်ပြီး ခန္ဓာကိုယ် အလေးချိန်မှာလည်း



ပေါင်တစ်ရာ့လေးဆယ်သာရှိသူ ဖြစ်သည်။ သို့နှင့်တိုင် အလေးမတုံးတို့ဖြင့် လေ့ကျင့်နေခဲ့သည်။ သူ၏ ကြွက်သားများ မည်မျှ ကြီးမားလာမည်ကို ဂရုမထားပေ။ အလေးမခြင်းက မည်၍မည်မျှ အသုံးတည့်မည်ကိုသာ အလေးထားပေသည်။ ခန္ဓာကိုယ် ကြီးထွားလာခြင်း မရှိသည့်တိုင် သူ၏ ကြံ့ခိုင်မှုမှာကား အထင်ကရ ဖြစ်လာတော့သည်။ ကြံ့ခိုင်လွန်းလှသောကြောင့်လည်း တန်းဘားနှင့် မေးစေ့ထိအောင် လက်တစ်ဖက်တည်းဖြင့် အကြိမ်ငါးဆယ် တွဲခိုနိုင်ပေသည်။

ဘရုစ္စသည် အစားအသောက်တို့အား အတိုင်းအချင့်ဖြင့်သာ စနစ်တကျ စားသောက်လေ့ရှိပြီး လေ့ကျင့်ခန်းတို့အားလည်း သူ့အချိန်နှင့်သူ အမြဲမပြတ် ပြုလုပ်လျက် ရှိသည်။ ဗီတာမင် အားဆေးများနှင့် တရုတ်ဆေးမြစ်တို့ကိုလည်း သောက်သုံးလေ့ ရှိသည်။ သူ၏ ကာယ လေ့ကျင့်ခန်းတို့ကား ပြင်းထန်လွန်းလှ၏။ လျှပ်စစ်ဓာတ်အားဖြင့် ခန္ဓာကိုယ် ကြွက်သားတို့အား လှုပ်ရှားစေသည့် အစွန်းရောက်သော နည်းစနစ်ကိုပင် လေ့ကျင့်

**ဘရုစ်လီ၏ အကျော်ကြားဆုံး စကားအချို့မှ အတွေးအမြင်များ**

'ကန်ချက်တစ်သောင်း တစ်ကြိမ်တည်း လေ့ကျင့်ထားတဲ့ သူမျိုးကို ကျွန်တော် မကြောက်ဘူး။ ကန်ချက် တစ်ချက်ကို အကြိမ်တစ်သောင်း လေ့ကျင့်ထားတဲ့သူကို ကြောက်တယ်။'

'မာတောင့်တောင့်အနိုင်ဆုံး သစ်ပင်တွေဟာ ကျိုးပဲ့ ပျက်စီးလွယ်တာကို သတိပြုမိတယ်။ ဝါးတို့ မိုးမခပင်တို့ကျတော့ လေနဲ့အတူ ယိမ်းနွဲ့ပြီး ရှင်သန်နိုင်ကြတယ်'



'ကံကောင်းတယ်ဆိုတာကို ကျွန်တော် အယုံအကြည် မရှိဘူး။ ကိုယ့်ကံကြမ္မာကိုယ် ဖန်တီးလို့ရတာပဲလေ။ ကိုယ့်ပတ်ဝန်းကျင်မှာ ရှိနေတဲ့ အခွင့်အလမ်းတွေကို သတိထားကြည့်ပြီး အသုံးချဖို့ပဲ လိုတာပါ'

'ရုပ်ပိုင်းဆိုင်ရာပဲဖြစ်ဖြစ် တခြားအရာပဲဖြစ်ဖြစ် ကိုယ်လုပ်နေတဲ့အရာကို အကန့်အသတ်နဲ့ အမြဲတစေ လုပ်ဆောင်မယ်ဆိုရင် ကိုယ့်အလုပ်ထဲကို ကိုယ့်ဘဝထဲကို စိမ့်ဝင် ပျံ့နှံ့လာလိမ့်မယ်။ အကန့်အသတ် မထားဘူးဆိုရင်တော့ တိုးတက်မှုက တန်းသွားမှာပဲ။ ရောက်တဲ့နေရာမှာ ရပ်နေလို့တော့ မရဘူး။ နောက်ကို ရောက်သွားတော့မှာပဲ'

'ကိုယ့်ကိုယ်ကိုယ်ပဲ အမြဲဖြစ်အောင်လုပ် ကိုယ့်ကိုယ်ကိုယ် သိအောင်လုပ်၊ ကိုယ့်ကိုယ်ကိုယ် သစ္စာရှိ။ အောင်မြင်မှုဆိုတာကို အပြင်ဘက် ထွက်ပြီး မရှာနဲ့။ အောင်မြင်မှုကိုလည်း ပုံတူ ကူးမချနဲ့'

'ကျွန်တော်တို့မှာ မျက်လုံးနှစ်လုံး ပိုင်ဆိုင်ထားကြတယ်။ 'မြင်တွေ့တယ်'ဆိုတဲ့ အဓိပ္ပာယ် အစစ်အမှန်ကိုကျတော့ တကယ်တမ်း မတွေ့ကြပါဘူး'

'ဘဝကို ချစ်မြတ်နိုးရင် အချိန် မဖြုန်းနဲ့။ ဘဝကြီးကို အချိန်တွေနဲ့ ဖန်တီးထားတာလေ။'

ခဲ့သည်။ ခန္ဓာကိုယ် ကြွက်သားများ ပျက်စီးခြင်းကို ပျောက်ကင်းစေရေးအတွက် အထောက်အကူပြုရန်နှင့် ကြံ့ခိုင်သော ကြွက်သားများ ထိခိုက်ဒဏ်ရာရခြင်းမှ ကာကွယ်ရန်တို့အတွက် အဖိုးထိုက်တန်သော ကိရိယာတစ်ခုအဖြစ် အဆိုပါနည်းအား ဆရာဝန်များက တွေ့ရှိခဲ့ကြခြင်း ဖြစ်သည်။ သို့သော် ဘရုစ်ကား ယင်းနည်းစနစ်ကို တောက်လျှောက် အသုံးပြုနေခဲ့သည်။

၁၉၇၀ ပြည့်နှစ်အတွင်း၌ ကျောပြင် နာကျင်ကိုက်ခဲခြင်းမှ အတော်အတန် နာလန်ထလာသောအခါ သားဖြစ်သူ ဘရန်ဒွန်အား ခေါ်ဆောင်၍



ဟောင်ကောင်သို့ အလည်အပတ် သွားရောက်ခဲ့သည်။ ယင်းခရီးစဉ်သည် သူ့အား ထင်ပေါ်ကျော်ကြားသူတစ်ဦး ဖြစ်စေရန်အတွက် အထောက်အကူ ပြုခဲ့ပေသည်။



အခန်း ၆

## ယဉ်ကျေးမှုဆိုင်ရာ အမွှမ်းတင်ခံရသော ပုဂ္ဂိုလ်

၁၉၇၀ ပြည့်နှစ်အတွင်း၌ ဟောင်ကောင်သို့ သွားရောက်ခဲ့သည့် သူ၏ ခရီးစဉ်တွင် အသက်နှစ်ဆယ့်ကိုးနှစ် အရွယ်ရှိ ဘရုစ်လီသည် သွားရောက်လေရာနေရာတိုင်း၌ သူ့အား ချစ်ခင်ကြသော ပရိသတ်တို့နှင့် ဆုံတွေ့ခဲ့သည်။ သူ လမ်းလျှောက် သွားလာနေလျှင်လည်း နှုတ်ဆက်ကြရန်အတွက် ပရိသတ်များ အပြေးအလွှား ရောက်လာကြလေ့ ရှိသည်။ စားသောက်ဆိုင် တစ်ဆိုင်၌ ညစာ စားနေလျှင်လည်း သူ့အား ငေးမော ကြည့်ရှုကြကာ အချင်းချင်း



တီးတိုး ပြောဆိုနေတတ်ကြသည်။ သူ့အား တွေ့ဆုံ မေးမြန်းသည့် အစီအစဉ်တို့အားလည်း ရေဒီယိုမှ ထုတ်လွှင့်ပေးစေလိုကြသည်။ ရုပ်မြင်သံကြား အစီအစဉ်များကလည်း ကွန်ဖူး သရုပ်ပြ ကစားကွက်တို့ကို ထုတ်လွှင့်ပြသလိုလျက် ရှိ၏။

အားလုံးက အာရုံစိုက်လျက်ရှိရာ ဘရုစ္စသည် အနည်းအကျဉ်းမျှ အံ့ဩနေမိ၏။ ထိုအချိန်က 'ပျားတူကောင်စိမ်း' ရုပ်သံဇာတ်လမ်းတွဲအား ဟောင်ကောင်ရှိ ရုပ်မြင်သံကြားဌာနက ပြန်လည် ထုတ်လွှင့်ပြသလျက် ရှိသည်။ ယင်းဇာတ်လမ်းတွဲအား 'ပျားတူကောင်စိမ်း' ဇာတ်လမ်းတွဲဟု ခေါ်တွင်ခြင်း မရှိကြပေ။ ဘရုစ္စက လူကြိုက်များ ရေပန်းစားလျက်ရှိရာ 'ကာတို ဇာတ်လမ်းတွဲ'ဟုသာ ပရိသတ်တို့က ခေါ်တွင်နေကြ၏။ ပရိသတ်တို့သည် ကာတိုအတွက် ဂုဏ်ယူဝမ်းမြောက်လျက် ရှိကြသည်။ နောက်ဆုံး၌ အမေရိကန် ရုပ်မြင်သံကြားဇာတ်လမ်းတွဲတွင် တရုတ်လူမျိုး ဇာတ်ကောင်အား ခိုင်မာပြီး အပြုသဘောဆောင်သည့်ဘက်မှ ထည့်သွင်း ရိုက်ကူး ပြသရချေပြီ။



ဟောင်ကောင်၌ ဘရုစ္စအား လက်ခံသည့် အခြေအနေသည် သူ၏ သရုပ်ဆောင် အသက်မွေးဝမ်းကျောင်း အလုပ်အား တရုတ်ပြည်မကြီးမှ လက်ခံနိုင်မည်လောဟု တွေးတောစေခဲ့၏။ ဟောင်ကောင်၌ ရုပ်ရှင် သရုပ်ဆောင် ရင့်မကြီး ဖြစ်လာခဲ့သော် အမေရိကန်နိုင်ငံ၌လည်း ရုပ်ရှင်များ ပြောင်းရွေ့ ရိုက်ကူးနိုင်မည်ဟု ဘရုစ္စက ယူဆခဲ့သည်။ ထို့ပြင် ဟောင်ကောင်၌ ရုပ်ရှင် ဇာတ်ကားများ ဖန်တီးနိုင်ရေးအတွက် ပစ္စည်းပစ္စယ ကောင်းကောင်းတို့ အတော်များများ ရှိနေပေပြီ။ လှုပ်ရှားမှု အသားပေး ရုပ်ရှင်ဇာတ်ကားများ ဖန်တီးနိုင်ရေးအတွက်လည်း ဘရုစ္စသည် ပရိသတ်တို့အပေါ် လွှမ်းမိုးမှု ရှိနေပေပြီ။ တရုတ်လူမျိုးတို့သည် အမေရိက၌ မည်သို့မည်ပုံ ပြောင်းလဲပစ်နိုင်ကြောင်းကို အထောက်အကူ ဖြစ်စေရေးအတွက်လည်း ရုပ်ရှင်ဇာတ်ကားတို့ကို ဘရုစ္စက ဖန်တီးလိုလျက် ရှိသည်။

၁၉၇၁ ခုနှစ်တွင် ဟောင်ကောင်ရှိ ဂိုးလ်ဒင်း ဟားဗက်စ်ထ် ထုတ်လုပ်ရေးကုမ္ပဏီနှင့် ကိုယ်ခံပညာ အသားပေးလှုပ်ရှားမှု ရုပ်ရှင်ဇာတ်ကားများ ဆက်တိုက် ဖန်တီးနိုင်ရေးအတွက် ရေမွှန်ချောင်းနှင့် ညှိနှိုင်းကာ ဘရုစ္စက စာချုပ် ချုပ်ဆိုလိုက်သည်။

ရေမွှန်ချောင်း၊ ဂိုးလ်ဒင်း ဟားဗက်စ်ထ် ထုတ်လုပ်ရေးတို့နှင့် ဘရုစ္စတို့ ပူးပေါင်းဆောင်ရွက်ခြင်း မပြုမီတွင် လှုပ်ရှားမှု အသားပေး တရုတ်ရုပ်ရှင်ဇာတ်ကား အများစုတို့မှာ အရည်အသွေး ကောင်းမွန်လှခြင်း မရှိကြပေ။ ရုပ်ရှင်သရုပ်ဆောင်များနှင့် ကိုယ်ခံပညာသည်တို့ လေထဲ၌ ခုန်ပျံ ကျော်လွှားကြခြင်းကို ဖန်တီးရန်အတွက်လည်း ဝါယာကြိုးများအား အသုံးပြုခဲ့ကြသည်။ ရုပ်ရှင် လှည့်စားမှုတို့အား ကြည့်ရှုရသည်မှာ ကလေးကလား နိုင်လှကြောင်း ဘရုစ္စ သိရှိထားခဲ့သည်။ အခြားသော တရုတ်လူမျိုး ကိုယ်ခံပညာသည် ရုပ်ရှင်သရုပ်ဆောင်တို့ထက်လည်း သူက အရည်အချင်း ပိုမို သာလွန်ကြောင်း ဘရုစ္စ သိရှိထားခဲ့သည်။ သူသည် မည်သည့် ရုပ်ရှင် အထူးပြုလုပ်ချက်ကိုမျှ လိုအပ်သူ မဟုတ်ပေ။

'ကျွန်တော့်ရဲ့ ပထမဆုံး တရုတ်ဇာတ်ကားကို မဖန်တီးခင်က တရုတ် ရုပ်ရှင်တွေဟာ သဘာဝမကျဘူးလို့ ယူဆထားခဲ့ကြတယ်'ဟု ဘရုစ္စက ပြောပြခဲ့ဖူးသည်။ 'သရုပ်ဆောင်ရာမှာ အပိုတွေ လုပ်လွန်းလှပြီး ခုန်ပျံကျော်လွှား လုပ်နေတာတွေကလည်း များလွန်းလှတယ်။ အားလုံး ပြန်ကြည့်ရင်တော့ သဘာဝမကျလှဘူးပေါ့'။




ဂိုးလ်ဒင်း ဟားဗက်စ်ထိ်နှင့် ပထမဆုံး ရိုက်ကူးသော ဘရုစ္စ၏ ရုပ်ရှင်ဇာတ်ကားမှာ ၁၉၇၁ ခုနှစ်တွင် ရုံတင် ပြသခဲ့သည့် 'ဆရာကြီး' (The Big Boss) ဟူသော ရုပ်ရှင်ဇာတ်ကား ဖြစ်သည်။ (အမေရိကန်ပြည်ထောင်စု၌ နောက်ပိုင်း ရုံတင်ပြသရာတွင် 'ဒေါသလက်သီးများ' (Fists of Fury) အမည်ဖြင့် ဖြစ်သည်) 'ဆရာကြီး' ရုပ်ရှင်ဇာတ်ကားတွင် ချန် အမည်ရှိ လူရွယ်တစ်ဦးနေရာမှ ဘရုစ္စက သရုပ်ဆောင်ခဲ့သည်။ ချန်သည် ရေခဲစက်ရုံတစ်ရုံတွင် ဝမ်းကွဲ ညီအစ်ကိုများနှင့်အတူ အလုပ် လုပ်ကိုင်နေသူ ဖြစ်၏။ သူသည် ယှဉ်ပြိုင် သတ်ပုတ်ခြင်း လုံးဝလုပ်မည် မဟုတ်ဟု မိခင်ကြီးအား ကတိစကားထားခဲ့သူလည်း ဖြစ်၏။ သို့သော် သူ၏ ဝမ်းကွဲညီအစ်ကိုများ သတ်ဖြတ်ခံလိုက်ရသောအခါ စက်ရုံပြင်ပ၌ မူးယစ်ဆေးဝါးများ ရောင်းဝယ် ဖောက်ကားလျက်ရှိသော ရာဇဝတ်ကောင်တို့နှင့် ယှဉ်ပြိုင် တိုက်ခိုက်ရန်အတွက် သူ၏ ကတိစကားအား ချိုးဖောက်လိုက်ရတော့သည်။ 'ဆရာကြီး' ရုပ်ရှင်ဇာတ်ကားသည် ခေါင်းဆောင်မင်းသား နေရာမှ ဘရုစ္စ ပထမဆုံး သရုပ်ဆောင်ခဲ့သော ရုပ်ရှင်ဇာတ်ကားအဖြစ် သတ်မှတ်ထားကြသည်။

'ဆရာကြီး'အား ဟောင်ကောင်၌ ပွဲဦးထွက် ရုံတင်ပြသခဲ့ရာ ပရိသတ်တို့သည် ငြိမ်ဆိတ်လျက်ရှိ၏။ ပရိသတ်တို့ မည်သို့ တွေးထင်ယူဆနေကြကြောင်းကို ဘရုစ္စ အသေအချာ မသိပေ။ သို့သော် နောက်ဆုံး ဇာတ်ဝင်ခန်းအား ပြသပြီးနောက် ရုပ်ရှင်ရုံအတွင်း၌ မီးများ လင်းလက်လာကြသောအခါ ပရိသတ်တို့၏ လက်ခုပ်သြဘာသံကြီးမှာ ဝက်ဝက်ကွဲအောင် လျှံထွက်လာတော့သည်။ ရုပ်ရှင် ပြသနေစဉ်အတွင်း ငြိမ်ဆိတ်နေကြခြင်း



မှာ ညို့ယူ ဖမ်းစားခံနေကြရခြင်းကြောင့် ဖြစ်သည်။ ယင်းသို့သော ရုပ်ရှင်ဇာတ်ကားမျိုးအား ကြည့်ရှုဖူးခြင်း မရှိကြသောကြောင့်လည်း ဖြစ်၏။

'ဆရာကြီး' ရုပ်ရှင်ဇာတ်ကား ပြသခြင်းမပြုမီက အာရှ၌ ဝင်ငွေ သောက်သောက်လည်း ရရှိခဲ့သော ရုပ်ရှင်ဇာတ်ကားမှာ 'တေးဂီတသံ' (The Sound of Music) ဟူသော အမေရိကန် သံစုံတေးဂီတ ရုပ်ရှင်ဇာတ်ကား ဖြစ်သည်။ 'ဆရာကြီး' ရုပ်ရှင်ဇာတ်ကားသည် ယင်းဇာတ်ကား၏ ဝင်ငွေ စံချိန်ကို ချိုးဖျက်လိုက်တော့သည်။ သို့သော် စံချိန်သစ်မှာ ကာလ မကြာလိုက်ပေ။ ဂိုးလ်ဒင်း ဟားဗက်စ်ထ်နှင့် ရိုက်ကူးသော ဘရုစ်လီ၏ ဒုတိယမြောက် ရုပ်ရှင်ဇာတ်ကားဖြစ်သော 'ဒေါသလက်သီး' (Fist of Fury) အား ၁၉၇၂ ခုနှစ်တွင် ရုံတင် ပြသလိုက်ခြင်းကြောင့် ဖြစ်သည်။ ယင်းဇာတ်ကားက 'ဆရာကြီး'၏ စံချိန်ကို ချိုးသွားခဲ့၏။ ('ဒေါသလက်သီး'အား အမေရိကန် ပြည်ထောင်စု၌ ရုံတင် ပြသသောအခါ 'တရုတ်လူမျိုးတို့၏ ပတ်သက်ဆက်နွယ်မှု' (The Chinese Connection)ဟု အမည်ပြောင်းလဲခဲ့သည်။



'ဒေါသလက်သီး'တွင် သင်တန်းကျောင်းဟောင်းသို့ ပြန်လည်ရောက်ရှိလာသူ ချင်ကျဲင်အဖြစ် ဘရုစ္စလီက ပါဝင် သရုပ်ဆောင်ခဲ့သည်။ သတ်ဖြတ်ခံလိုက်ရပြီးဖြစ်သော ကိုယ်ခံပညာ အကျော်ဇေယျ ဆရာကြီးအား ကျဲင်ကလာရောက် ရှာဖွေခြင်း ဖြစ်သည်။ သူ၏ ဆရာ သေဆုံးမှုအတွက် လက်တုံ့ပြန်ရန် လူမိုက်အုပ်စု တစ်စုနှင့် တိုက်ခိုက် သတ်ပုတ်ကြတော့သည်။

ဘရုစ္စ၏ ရုပ်ရှင်ဇာတ်ကား အားလုံးတို့ ကဲ့သို့ပင် 'ဒေါသလက်သီး'၌လည်း အကြမ်းဖက် တိုက်ခိုက် သတ်ပုတ်သည့် ဇာတ်ဝင်ခန်းအချို့ ပါရှိသည်။ သာဓကအားဖြင့် သူ သရုပ်ဆောင်ခဲ့သော ရုပ်ရှင်ဇာတ်ကား လေးကားတို့တွင် လူကြီးတစ်ယောက် နေရာမှ သရုပ်ဆောင်ခဲ့ရာ 'အာရ်'အဆင့် သတ်မှတ်ထားခြင်း ခံခဲ့ရသည်။ (အသက် ဆယ့်ခုနစ်နှစ်အောက် ကလေးငယ်တို့အနေဖြင့် မိဘများ သို့တည်းမဟုတ် သက်ကြီးပိုင်း စောင့်ရှောက်သူတို့နှင့်သာ လိုက်ပါ ကြည့်ရှုသင့်သည့် ရုပ်ရှင်ဇာတ်ကားအဆင့် ဖြစ်သည်)



သို့သော် ဘရုစ္စသည် အကြမ်းဖက်မှုတို့အား အမွှမ်းတင်လိုခြင်း မရှိပေ။ သူ၏ ရုပ်ရှင်ဇာတ်ကားများအတွင်းမှ သတ်ပုတ်ခန်းတို့သည် စိတ်ကူးယဉ်မှုသက်သက်ဖြင့် အနားသတ်ထားခြင်း ဖြစ်သည်ဟု ပြောဆိုခဲ့ဖူးသည်။ 'ရုပ်ရှင်တွေထဲက အကြမ်းဖက် တိုက်ခိုက် သတ်ပုတ်မှုတွေကို ကျွန်တော် အယုံအကြည် မရှိပါဘူး'ဟု ဘရုစ္စက ပြောဆိုခဲ့သည်။ 'စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနဲ့ ညီညွတ်မှု မရှိဘူးလို့တောင် ယူဆပါတယ်'။

'ဆရာကြီး'နှင့် 'ဒေါသလက်သီး'တို့ ဝက်ဝက်ကွဲ အောင်မြင်လျက်ရှိရာ ဘရုစ္စအနေဖြင့် ဂိုးလ်ဒင်း ဟားဗက်စ်ထံနှင့် လက်တွဲဖြုတ်၍ ၎င်းတို့နှင့် ဆက်လက် အလုပ် လုပ်ကိုင်ရန် အခြားကုမ္ပဏီများက လိုလားလာကြသည်။ သို့သော် ဘရုစ္စသည် ရေမွှန်ချောင်း အပေါ် သစ္စာရှိမြဲ ရှိနေခဲ့သည်။ ယင်းသစ္စာရှိမှုအား ရေမွှန်ချောင်းက တုံ့ပြန်သည့်အနေဖြင့် နောက်ရိုက်ကူးမည့် ကိုယ်ခံပညာလှုပ်ရှားမှု အသားပေး ရုပ်ရှင်ဇာတ်ကားအား ကွပ်ကဲ ကြီးကြပ်ခွင့် ပေးခဲ့သည်။ ၁၉၇၂ ခုနှစ်နှောင်းပိုင်းတွင် ထွက်ပေါ်လာမည့် 'နဂါးဗျူဟာ' (The Way of the Dragon) တွင် ဘရုစ္စသည် သရုပ်ဆောင်တစ်ဦးအနေဖြင့်သာ မဟုတ်ဘဲ ယင်းရုပ်ရှင်ဇာတ်ကားအား ရေးသား ထုတ်လုပ် ရိုက်ကူးရမည် ဖြစ်သည်။

'နဂါးဗျူဟာ' (အမေရိကန်ပြည်ထောင်စု၌ 'နဂါးပြန်လာပြီ' (Return of the Dragon) အတွက် ဇာတ်ညွှန်းမှာ အခြားသော ရုပ်ရှင်ဇာတ်ကားတို့နှင့် အတော်လေးပင် ဆင်ဆင်တူလှသည်။ သူ၏ ဝမ်းကွဲမောင်နှမများ ဖွင့်လှစ်ထားသည့် စားသောက်ဆိုင်တွင် အလုပ် လုပ်ရန်အတွက် အီတလီနိုင်ငံ ရောမမြို့သို့ ခရီးထွက်လာသူ တန်လန်းအဖြစ် ဘရုစ္စက ပါဝင်



သရုပ်ဆောင်ထားပေသည်။ တန်လန်း၏ ဝမ်းကွဲ မောင်နှမတို့ထံမှ စား
သောက်ဆိုင်အား လူမိုက်များက လွဲပြောင်း ရယူရန် အားထုတ်ကြရာ သူက
ပြန်လည် တိုက်ခိုက် သတ်ပုတ်တော့သည်။ ဇာတ်လမ်း၏ အထွတ်အထိပ်
တိုက်ခိုက် သတ်ပုတ်မှုမှာ အခြားသော ကိုယ်ခံပညာသည် ချော့ခ် နောရစ္စ
နှင့် ယှဉ်ပြိုင် အနိုင်လုကြခြင်း ဖြစ်၏။ ယင်းဇာတ်ဝင်ခန်းအား ရောမမြို့ရှိ
ကျော်ကြားလှသော ကိုလော့စ်စီယမ်၌ ရိုက်ကူးခဲ့သည်။



'နဂါးဗျူဟာ'မှာ ပရိသတ်တို့အကြား နောက်ထပ် ပေါက်သွားသော ရုပ်ရှင်ဇာတ်ကား ဖြစ်သည်။ ဟောလီးဝုဒ်သည် ဘရုစ္စအား စတင် သတိပြု မိလာ၏။



## ဘရုစ္စလီနှင့် ချော့ခ် နောရစ္စ



၂၀၁၂ ခုနှစ်တွင် 'ဖျက်ဆီးပစ်နိုင်သူများ အပိုင်း၂' (The Expendable 2) ၌ ချော့ခ် နောရစ္စ ပါဝင် သရုပ်ဆောင်သော ဘွတ်ကာ အမည်ရှိ ဇာတ်ကောင်အား ကျန်ဇာတ်ကောင်တစ်ဦးက 'မင်းတောကြီး မြွေဟောက် အကိုက်ခံရတယ် လို့ ကြားလိုက်သေးတယ်'ဟု ပြောဆိုခဲ့သည်။ ဟုတ်ပ။ နို့ပေတဲ့ ငါးရက်လောက် မချိမဆန့် ဝေဒနာ ခံစားရပြီး မြွေဟောက် ရှောသွားတာကလား'ဟု ပြန်ပြောခဲ့သည်။

ယင်း ကျော်ကြားလှသော ဇာတ်ဝင်ခန်း စကားပြောမှာ အာဂလူသား၏ ကြံ့ခိုင်မှုနှင့် စွမ်းပကားတို့ကို နောရစ္စက အသိအမှတ်ပြု ဖော်ပြလိုက်ခြင်း ဖြစ်သည်။ သူသည် အာဂလူသားတစ်ဦး မဟုတ်ပေ။ သို့နှင့်တိုင် နောရစ္စသည် ကမ္ဘာ့ ကြေးစား မစ်ဒယ်ဝိတ်တန်း ကာရာတေး ချန်ပီယံပြိုင်ပွဲ၌ ခြောက်ကြိမ်တိုင်တိုင် အနိုင်ရ ဗိုလ်စွဲထားသူ ဖြစ်သည်။ ကိုယ်ခံပညာ သမိုင်းပြတိုက်၏ ထင်ပေါ်ကျော်ကြားသူ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်သည်။ တိုက်ကွမ်ဒို နှစ်ပေါင်း ၄၅၀၀ သမိုင်းတွင် အဋ္ဌမဆင့် ခါးပတ်နက် အထူးဆု ရရှိခဲ့သည့် ပထမဆုံးသော အနောက်တိုင်းသားလည်း ဖြစ်သည်။

အက်ရှင် ရုပ်ရှင်ဇာတ်ကားများနှင့် ရုပ်မြင်သံကြား ဇာတ်လမ်းတွဲများတွင် သရုပ်ဆောင်ရာ၌ ဘရုစ္စလီ ကဲ့သို့ပင် ကိုယ်ခံပညာရပ်တို့အား သုံးစွဲခဲ့သူ ဖြစ်သည်။ တကယ့် ပြိုင်ပွဲကြီးများ၌ ရှုံးနိမ့်ခဲ့ဖူးသူ နောရစ္စသည်



ရုပ်ရှင်ဇာတ်ကား အတွင်းတွင် တစ်ကြိမ်သာ ရှုံးနိမ့်ခဲ့ဖူးသူ ဖြစ်သည်။ 'နဂါးဗျူဟာ' ဇာတ်ကား၌ ဘရုစ္စနှင့် ယှဉ်ပြိုင် သတ်ပုတ်ရာတွင် ရှုံးနိမ့်ခဲ့ခြင်း ဖြစ်သည်။

ကိုယ်ခံပညာသည် သရုပ်ဆောင်နှစ်ဦးတို့သည် တစ်ဦးနှင့်တစ်ဦး လေးစားသမှု ရှိကြသူများ ဖြစ်သည်။ တစ်ခါတစ်ရံ၌ ကိုယ်ခံပညာရပ်တို့အား နှစ်ဦးအတူ လေ့ကျင့်ခဲ့ကြသည်။ 'နဂါးဗျူဟာ' ဇာတ်ဝင်ခန်းတွင် တစ်ဦးနှင့် တစ်ဦး သဲကြီးမဲကြီး တိုက်ခိုက် သတ်ပုတ်ကြသည့်တိုင် တကယ်တမ်း၌ ၎င်းတို့နှစ်ဦးမှာ မိတ်ဆွေရင်းချာများ ဖြစ်ကြပေသည်။

အခန်း ၇

## စောစီးလွန်းစွာ ထွက်ခွာသွားခြင်း

၁၉၇၂ ခုနှစ် နွေဦးရာသီတွင် ဝါနာဘရားသားနှင့် ဆက်သွယ်မိပြီး နောက် ဟောင်ကောင်တွင် 'သေမင်းကစားပွဲ' (The Game of Death) အမည်ရှိ နောက်ထပ် ရုပ်ရှင်ဇာတ်ကား တစ်ကားအား ရိုက်ကူးရန်အတွက် ဘရုစ္စ ပြင်ဆင်လျက် ရှိသည်။ (ဘတ်စကက်ဘော အကျော်အမော် ကာရင်း အဗ္ဗဒူလ် ဂျက်ဘ်ဘာနှင့် ရိုက်ကူးမည် ဖြစ်သည်) အသက်သုံးဆယ့်တစ်နှစ် ရှိပြီဖြစ်သော ဘရုစ္စနှင့်အတူ 'နဂါးခံတွင်းသို့အဝင်' (Enter the Dragon) အမည်ရှိ ရုပ်ရှင်ဇာတ်ကားအား ဖန်တီးရန် ဟောလီးဝုဒ်ရှိ ရုပ်ရှင် စတူဒီယိုကြီး တစ်ခုကလည်း လိုလားလျက် ရှိသည်။ ရုပ်ရှင်ဇာတ်ကားတစ်ကား ထုတ်လုပ်ရန်အတွက် ဟောလီးဝုဒ်နှင့် ဟောင်ကောင်တို့ ပထမဆုံးအကြိမ်အဖြစ် ပူးပေါင်း ဆောင်ရွက်ကြခြင်းလည်း ဖြစ်သည်။

တရုတ်ယဉ်ကျေးမှုအား အမေရိကန်များကြားသို့ ဆောင်ကြဉ်းပေးရန်ဟူသည့် ဘရုစ္စ၏ အိပ်မက်များကား အမှန်တကယ် ဖြစ်ထွန်းလာပေပြီ။ သူ၏ ရုပ်ရှင်ဇာတ်ကားတို့မှ ကိုယ်ခံပညာရပ်တို့အား ပရိသတ်တို့က အလေးထားလာကြလိမ့်မည်ဟု ဘရုစ္စက ယုံကြည်နေခဲ့သည်။ ကိုယ်ခံပညာရပ်အား အလေးထားလာကြလျှင် တရုတ်ယဉ်ကျေးမှုအားလည်း အလေးထားလာကြမည် ဖြစ်၏။ ယင်းသို့ ဆောင်ရွက်ခြင်းကြောင့် တရုတ်လူထုကြား၌ ဘရုစ္စသည် သူရဲကောင်းတစ်ဦးသဖွယ် ဖြစ်လာတော့သည်။

ဘရုစ္စသည် အမေရိကန်ပြည်ထောင်စု၌ နေထိုင်လျက်ရှိသည့်တိုင် တရုတ်ယဉ်ကျေးမှု အမွေအနှစ်တို့မှာ သူ့အတွက် အရေးပါ အရာရောက်နေဆဲ ဖြစ်သည်။ သူ၏ မိသားစုနှင့်လည်း နီးနီးစပ်စပ် ရှိနေဆဲ ဖြစ်သည်။ ၁၉၆၅ ခုနှစ်၌ ဘရွှန်ဒွန် မွေးဖွားပြီး မြားမကြာမီမှာပင် ဘရုစ္စ၏ ဖခင်ကြီး

ဆုံးပါးသွားခဲ့သည်။ သူ၏ မိခင်ကြီးသည်လည်း လော့စ်အိန်ဂျယ်လိစ်သို့ ပြောင်းရွှေ့လာခဲ့ရာ ဘရုစ္စတို့နှင့် အနေနီးစပ်မှု ရှိလာခဲ့သည်။ ဘရုစ္စ၏ အစ်ကိုကြီး၊ အစ်မကြီးများသည်လည်း အမေရိကန်ပြည်ထောင်စု၌ပင် နေထိုင်လျက် ရှိသည်။ ဟောင်ကောင်၌ အောင်မြင် ကျော်ကြားလျက်ရှိသော ဂီတပညာရှင်ဖြစ်သည့် ညီငယ် ရောဘတ်သည်လည်း ဘရုစ္စ မရောက်မီကပင် လော့စ်အိန်ဂျယ်လိစ်၌ နေထိုင်လျက် ရှိ၏။

'နဂါးခံတွင်းသို့အဝင်'သည် 'တရုတ်ယဉ်ကျေးမှုအား ပြင်ပကမ္ဘာမှ သိရှိနိုင်မည့်' အခွင့်အရေးကြီးတစ်ရပ် ဖြစ်ကြောင်း ဘရုစ္စ သိရှိနေခဲ့သည်။ ယင်းဇာတ်ကားအတွက် တာဝန်ကြီးတစ်ရပ် ထမ်းဆောင်ရမည်ကဲ့သို့လည်း ခံစားနေခဲ့ရသည်။ တရုတ်ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံတို့အား ဖော်ကျူးပြသနိုင်ခဲ့လျှင် တရုတ်လူမျိုးတို့အား ဂုဏ်ပြုရာလည်း ရောက်သည်ဟု ခံစားနေခြင်း ဖြစ်၏။

ဘရုစ္စသည် အလုပ်ကို အမြဲတစေ ပြင်းပြင်းထန်ထန် အားထုတ်လေ့ရှိသူဖြစ်ပြီး သူ၏ အကန့်အသတ်မဲ့ စွမ်းပကားတို့အား ကွန်ဖူး လေ့ကျင့်ခြင်းနှင့် ရုပ်ရှင်ရိုက်ကူးခြင်းများတွင်သာ မြှုပ်နှံထားပေသည်။ သို့သော် ယခုတော့မူ သူ၏ တစ်နေ့တာ အစီအစဉ်တို့သည် အလွန့်အလွန် ဗျာများရသည့် အနေအထားသို့ ရောက်နေတော့၏။ သူသည် အချိန်ပြည့် အလုပ်လုပ်လျက် ရှိ၏။ 'နဂါးခံတွင်းသို့ အပြန်'အတွက် ဇာတ်ညွှန်း ရေးသားလျက်ရှိကာ သရုပ်ဆောင်ခြင်း ကွန်ဖူး လေ့ကျင့်ခြင်းနှင့် တိုက်ခိုက် သတ်ပုတ်ခန်းများအတွက် ပုံကြမ်း ရေးဆွဲခြင်းများ လုပ်ဆောင်လျက် ရှိသည်။

၁၉၇၃ ခုနှစ် မေလတွင် ဟောင်ကောင်၌ 'နဂါးခံတွင်းသို့အဝင်' အတွက် အသံသွင်းမှုများ လုပ်ဆောင်နေစဉ်အတွင်း ဘရုစ္စ မူးမေ့ လဲကျသွားတော့သည်။ ခြေကုန်လက်ပန်း ကျသွားခြင်းလည်း ဖြစ်သည်။ ထိတ်လန့်ဖွယ်ဖြစ်ရပ်ဖြစ်သည့်တိုင် ထူထူထောင်ထောင် ပြန်ဖြစ်လာခဲ့သည်။ ထို့နောက် ဇူလိုင်လ ၂၀ ရက်တွင် နောက်ရိုက်ကူးမည့် 'သေမင်းကစားပွဲ' အတွက် ဇာတ်ညွှန်း ရေးသားနေစဉ်အတွင်း ဘရုစ္စသည် ခေါင်းကိုက်လွန်းသောကြောင့် ညည်းညူနေခဲ့ရ၏။ ထို့ကြောင့် ဆေးသောက်ကာ အိပ်စက် နားနေလိုက်သည်။

ညစာစားချိန် ရောက်သော် 'သေမင်းကစားပွဲ'၌ ပူးတွဲ သရုပ်ဆောင်သူတစ်ဦးက အိပ်ရာမှ သွားနှိုးရာ နိုး၍ မရတော့ပေ။ ရေမွှန်ချောင်းလည်း






နှိုးကြည့်၍ မရပေ။ သို့နှင့် အရေးပေါ် လူနာတင်ယာဉ်အား ခေါ်လိုက်ရတော့သည်။ လူနာတင်ယာဉ်က ဘရုစ္စအား ဆေးရုံသို့ တင်ဆောင်သွားသည်။ ဆေးရုံသို့ ရောက်သည်နှင့် ကွယ်လွန်သွားပြီဖြစ်ကြောင်း အခိုင်အမာ ပြောကြားလာတော့၏။ ဘရုစ္စကား အသက် သုံးဆယ့်နှစ်နှစ်အရွယ်သာ ရှိပေသေးသည်။

ဘရုစ္စ ကွယ်လွန်သွားရခြင်းမှာ စီရီဘရယ်လ် အီဒီမာ ခေါ် ဦးနှောက်ရောင်ရမ်းခြင်းကြောင့် ဖြစ်သည်။ အကိုက်အခဲ ပျောက်ဆေးတို့၏ တန်ပြန်အကျိုးသက်ရောက်မှုတို့ကြောင့်လည်း ဖြစ်သည်။ သတင်းစကားတို့ကြောင့် ဟောင်ကောင်ရှိ ဘရုစ္စ၏ ပရိသတ်များမှာ ယူကျုံးမရ ဖြစ်နေကြသည်။ ဘရုစ္စသည် ထင်ပေါ် ကျော်ကြားလွန်းသူဖြစ်ရာ ဟောင်ကောင်၌ ကျင်းပသည့် သူ၏ အသုဘ အခမ်းအနားသို့ လူပေါင်း နှစ်သောင်းငါးထောင်ခန့် လိုက်ပါ ပို့ဆောင်ကြသည် ဆို၏။ သူ၏ အသုဘယာဉ်တန်း ဖြတ်သန်း





သွားရာ လမ်းတစ်လျှောက်၌လည်း ပရိသတ်များဖြင့် ပြွတ်သိပ် ကျပ်ညှပ် လျက် ရှိသည်။ ၎င်းတို့၏ သေဆုံးသွားသော သူရဲကောင်းကြီးအား ရိုး တိုးရိပ်တိပ် မြင်ရစေရန် အလို့ငှာ ရဲတပ်ဖွဲ့က ချထားသည့် အတားအဆီးများ အားလည်း တွန်းထိုး ပယ်လှန်ပစ်ကြသည်။ နောက်ဆုံးအကြိမ် ဂါရဝပြု နှုတ်ဆက်ကြရန်အတွက်လည်း ဘရုစ္စ၏ ခေါင်းတလားနှင့်အတူ လေးလေး စားစား လမ်းလျှောက် လိုက်ပါလာကြသည်။




ဘရုစ္စ၏ ကျန်ရစ်သူ ဇနီးသည်က ဆီယေးတဲလ်၌ မြှုပ်နှံ သင်္ဂြိုဟ်လိုသည်။ ဆီယေးတဲလ်၌ ၎င်းတို့၏ ရင်သွေးငယ်များဖြစ်သော ဘရွန်ဒွန်နှင့် ရှန်နွန်တို့ ရှိနေကြခြင်းကြောင့် ယင်းသို့ စီစဉ်ခြင်း ဖြစ်သည်။ ထို့ကြောင့်လည်း ဝါရှင်တန်ရှိ ဆီယေးတဲလ်တွင် အသုဘ အခမ်းအနားအား နောက်တစ်ကြိမ် ပြုလုပ်ခဲ့သည်။ ရုပ်ရှင်သရုပ်ဆောင် စတိဗ် မက်ကွင်းနှင့် ဂျိမ်းစ်ကိုဘန်းတို့က သူ၏ ခေါင်းတလားအား သယ်ဆောင်ပေးခဲ့ကြသည်။ ဆီယေးတဲလ်ရှိ ဘရုစ္စ၏ ဂူသင်္ချိုင်းသို့ လူထောင်ပေါင်းများစွာတို့ နှစ်စဉ် လာရောက်ဂါရဝ ပြုနေကြဆဲ ဖြစ်သည်။

## ဘရွန်ဒွန်လီ



အက်ရှင် ရုပ်ရှင်ဇာတ်ကားများတွင် ကိုယ်ခံပညာသည်များ သရုပ်ဆောင်ဖြစ်ရန်အတွက် ဘရုစ္စက ဦးဆောင် လမ်းပြခဲ့သည်။ ထိုသို့သော သရုပ်ဆောင်တို့တွင် ချာ့ခ် နောရစ္စ၊ ယန်းကလော့ဒ် ဗန်ဒင်းမ်၊ စတီဗင် စီးဂဲလ်၊ စင်သီယာ ရှသ်ရော့ခ်နှင့် ဘရွန်ဒွန်လီ (ဘရုစ္စနှင့် လင်ဒါလီတို့၏ သား) တို့လည်း အပါအဝင် ဖြစ်သည်။

ဝမ်းနည်း ကြေကွဲဖွယ်ကောင်းသည်မှာ ဘရွန်ဒွန်လီသည် ငယ်ငယ်ရွယ်ရွယ်ဖြင့် ကွယ်လွန်သွားခြင်း ဖြစ်၏။ ၁၉၉၃ ခုနှစ်တွင် 'ကျီးကန်း' (The Crow) အမည်ရှိ ရုပ်ရှင်ဇာတ်ကားအား ရိုက်ကူးနေစဉ်အတွင်း ထူးထူးဆန်းဆန်း သေနတ်ကျည် ထွက်ကာ ဒဏ်ရာရရှိပြီး ကွယ်လွန် သွားခဲ့ရသည်။ ဗလာကျည် ထည့်ထားရမည့် နေရာ၌ ကျည်အစစ် ထည့်သွင်းထားခြင်းကြောင့်ဟု ဆိုပြီး ယင်းကျည်ဖြင့် ဘရွန်ဒွန်အား ပစ်ခတ်မိခြင်း ဖြစ်သည်။ ထိုစဉ်က ဘရွန်ဒွန်မှာ အသက် နှစ်ဆယ့်ရှစ်နှစ်သာ ရှိပေသေးသည်။



အခန်း ၈

## ရှင်သန်နေဆဲ အကျော်ဇေယျတစ်ဦး

ဟောလီးဝုဒ်ရှိ တရုတ် ရုပ်ရှင်ရုံရှေ့တွင် လူတန်းကြီးမှာ လမ်းထောင့်သို့ ရောက်သည့်တိုင် တရှည်တလျားကြီး ရှိနေပေသည်။ ထိုနေ့ ညနေခင်း



ခုနစ်နာရီခွဲတွင် 'နဂါးခံတွင်းသို့အဝင်' ရုပ်ရှင်ဇာတ်ကားအား စတင် ပြသရန် စီစဉ်ထားရာ နာရီဝက်ခန့် အချိန်လိုပေသေးသည်။ သို့သော် လူတန်းကြီးမှာ ယခုပြသမည့် ပွဲစဉ်အတွက် စောင့်ဆိုင်းနေကြခြင်း မဟုတ်ပေ။ ညဆယ်နာရီတွင် ပြသမည့် ပွဲစဉ်အတွက် စောင့်ဆိုင်းနေကြခြင်းပင် ဖြစ်သည်။ ညရှစ်နာရီတွင် ပြသမည့် ပွဲစဉ်အတွက်လည်း ရုံဝင်လက်မှတ်များ ရောင်းချထားပြီး ဖြစ်သည်။ ပရိသတ်တို့သည် နောက်ပြသမည့် ပွဲစဉ်အတွက် အချိန်နှစ်နာရီခွဲမျှ ကြာအောင် တန်းစီ စောင့်ဆိုင်း နေခဲ့ကြသည်။

'နဂါးခံတွင်းသို့အဝင်'သည် 'အမေရိကန်တို့ ပထမဆုံး ထုတ်လုပ်သည့် ခမ်းနား ကြီးကျယ်သော ကိုယ်ခံပညာ ရုပ်ရှင်ဇာတ်ကား' အဖြစ်လည်း သတ်မှတ် ကြေညာထား၏။ ဘရုစ် ကွယ်လွန်ပြီး နောက် ရက်သတ္တပါတ်အကြာ ၁၉၇၃ ခုနှစ် ဩဂုတ်လ ၂၄ ရက်တွင် ဟောလီးဝုဒ်၌ စတင်






ပြသခဲ့ခြင်းလည်း ဖြစ်သည်။ ဝေဖန်ရေးသမား အားလုံးတို့က သဘောတွေ့ခြင်း မရှိကြသည့်တိုင် ပရိသတ်တို့ကား အကြိုက် တွေ့ခဲ့ကြ၏။ လူတိုင်းလိုလိုက ကြည့်ရှုလိုသော ရုပ်ရှင်ဇာတ်ကား တစ်ကားလည်း ဖြစ်ခဲ့သည်။ ရုပ်ရှင်ဇာတ်ကား၏ ကုန်ကျစရိတ်မှာ ဒေါ်လာတစ်သန်းအောက်သာ ရှိသည့်တိုင် ဝင်ငွေ သန်းနှစ်ရာကျော် ရရှိခဲ့ရာ ထာဝရ ဝင်ငွေအကောင်းဆုံးသော ရုပ်ရှင်ဇာတ်ကားတို့တွင် တစ်ကား အပါအဝင် ဖြစ်ခဲ့သည်။

'နဂါးခံတွင်းသို့အဝင်' ရုပ်ရှင်ဇာတ်ကားတွင် ဘရုစ္စသည် လီ အမည်ရှိ ရှောင်လင် ဘုန်းတော်ကြီးအဖြစ် ပါဝင် သရုပ်ဆောင်ခဲ့၏။ လျှို့ဝှက်ဆန်းကြယ်ပြီး ယုတ်မာ ဆိုးညစ်သော ဟန်၏ ဝေးလံခေါင်ဖျား ကျွန်းတစ်ကျွန်းတွင် ကိုယ်ခံပညာ ပြိုင်ပွဲတစ်ခု ကျင်းပရာ၌ ဝင်ရောက် ယှဉ်ပြိုင်ရန်အတွက် ဘုန်းတော်ကြီး လီအား ဖိတ်ကြားခဲ့သည်။ ဟန်သည် အရာသွင်းခြင်း မခံခဲ့ရသည့် ရှောင်လင်ကျောင်းသားဟောင်းတစ်ဦး ဖြစ်ပြီး ဇကရာဇ်ဘုရင်၏ ရာဇဝတ်မှု သင့်ခြင်းကြောင့် ထွက်ပြေး တိမ်းရှောင်နေရသူ ဖြစ်သည်။ ပြိုင်ပွဲများ ပြုလုပ်၍ ကိုယ်ခံပညာ ထူးချွန် ထက်မြက်သူတို့ကို ရွေးချယ် စုစည်းကာ အကာအကွယ် ယူထားသူလည်းဖြစ်ပြီး သူ၏ လက်ဝဲဘက်လက်မှာ သံမဏိ လက်နက်တစ်ခုပင် ဖြစ်သည်။ သို့သော် နောက်ဆုံး၌ ကျွန်းပေါ်ရှိ အကျဉ်းသားတို့အား လွှတ်ပေးလိုက်သော လီနှင့် မယှဉ်ပြိုင်၍ မရပေ။ ရုပ်ရှင်ဇာတ်ကား၏ အကျော်ကြားဆုံးသော ဇာတ်ဝင်ခန်းတစ်ခန်းမှာ မှန်နံရံများ တပ်ဆင်ထားသည့် အခန်းတစ်ခန်းတွင် လီက သူ့မားရှည်ကြီး တစ်လက်ဖြင့် ဟန်အား သတ်ဖြတ်လိုက်သော ဇာတ်ဝင်ခန်းဖြစ်သည်။





'နဂါးခံတွင်းသို့အဝင်' ရုပ်ရှင်ဇာတ်ကားအား ရုံတင် ပြသနေသည့် ကာလအတွင်း၌ပင် ဘရုစ်သည် လှုပ်ရှားမှု အသားပေး အက်ရှင်ဇာတ်ကားများ၏ အကျော်ဇေယျတစ်ဦး ဖြစ်လာခဲ့သည်။ သို့သော် အဘယ့်ကြောင့် ယင်းသို့ ထင်ပေါ် ကျော်ကြားလာသည်ကိုကား ရှင်းပြ၍ မရနိုင်ပေ။ သူ ကွယ်လွန်ပြီးနောက် ဆယ်စုနှစ်ပေါင်းလေးစု ရှိလာသည့်တိုင် ဘရုစ်ကား ဝို၍ ဝို၍ပင် ထင်ပေါ် ကျော်ကြားလျက် ရှိသည်။ သူ့အား ချစ်ခင် လေးစား



သောကြောင့် ထူထောင်ထားကြသည့် ဝက်ဘ်ဆိုက် ဒါဇင်ပေါင်းများစွာ ရှိနေပြီး ဘရုစ္စလီ ညီလာခံတို့ကိုလည်း ကမ္ဘာတစ်ဝန်း၌ ကျင်းပနေကြဆဲ ဖြစ်သည်။ သူ့အား ပို၍ ထင်ပေါ် ကျော်ကြားစေသည်မှာ ၂၀၁၂ ခုနှစ်တွင် ဆန်ဖရန်စစ္စကို ဂျိုင်းယင့်ထ် ဘော့စ်ဘောအသင်းကြီးက ဘရုစ္စလီ အထိမ်းအမှတ် ဂုဏ်ပြုညအား ကျင်းပခဲ့ခြင်းကြောင့် ဖြစ်သည်။ ယင်းပွဲစဉ်အားလုံးတို့အား လီ မွေးဖွားခဲ့ရာ မြို့တော်၌ ကျင်းပခဲ့ခြင်း ဖြစ်သည်။ ပထမဆုံး




စပေး ဘောလုံးကို လင်ဒါလီက ပစ်ပေါက် ဖွင့်လှစ်ပေးခဲ့ပြီး ရှန်နွန်လီက နိုင်ငံတော်သီချင်းအား သီဆိုခဲ့သည်။

ဘရုစ္စသည် ကွန်ဖူးပညာရပ်အား အနောက်တိုင်းသားတို့ထံ ဆောင်ကြဉ်း၍ လည်းကောင်း၊ ဂျိကွန်ဒိုအား ဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် လည်းကောင်း ကိုယ်ခံပညာအား ထာဝရ တည်မြဲလေအောင် ဖန်တီးခဲ့သည်။ လူကြိုက်များသည့် ပေါ့ပ် ယဉ်ကျေးမှု အထိလည်း ဘရုစ္စ ခြေဆန့်နေဆဲ ဖြစ်သည်။ အက်ရှင် ရုပ်ရှင်ဇာတ်ကားပေါင်း များစွာတို့တွင်လည်း ကိုယ်ခံပညာသည် သရုပ်ဆောင်ပေါင်း မြောက်မြားစွာတို့သည် ဘရုစ္စ၏ ခြေရာအတိုင်း လိုက်ရန် အားထုတ်နေကြဆဲ ဖြစ်၏။ ကာတွန်းစာအုပ်များတွင်လည်း ဇာတ်ကောင်တို့သည် ဂျိကွန်ဒိုအား လေ့ကျင့်နေကြဆဲ ဖြစ်သည်။ ဗီဒီယိုဂိမ်းတို့တွင်လည်း ဇာတ်ကောင် အတော်များများတို့သည် ဘရုစ္စအား နမူနာယူ၍ ဖန်တီးထားကြခြင်း ဖြစ်သည်။

ကိုယ်ခံပညာ အရေးအနေး အားကစားပညာရပ် (အမ်အမ်အေ)မှာ အရှိန်အဟုန်ဖြင့် ကြီးထွားလာပေရာ ဘရုစ္စ၏ ဩဇာသက်ရောက်မှု ရှိလွန်းလှသောကြောင့် 'အမ်အမ်အေ၏ ဖခင်ကြီး' အဖြစ်ပင် အချို့က သူ့အား ခေါ်တွင်လာကြသည်။ ယင်းသို့ ခေါ်တွင်ကြသူတို့တွင် 'အဆုံးစွန် ယှဉ်ပြိုင်သတ်ပုတ်မှု ချန်ပီယံပြိုင်ပွဲ (ယူအက်ဖ်စီ)၏ ဥက္ကဋ္ဌဖြစ်သူ ဒါနာ ဝှိုက်ထ်လည်း အပါအဝင် ဖြစ်သည်။ 'နည်းနာအသီးသီးက ကောင်းတဲ့ အရာမှန်သမျှကို ယူပါ။ သူတို့ရဲ့ လုပ်ဆောင်ချက်တွေကို အသုံးချပါ။ ပြီးရင်တော့ ထားခဲ့လိုက်ပါ'ဟူသော ဘရုစ္စ၏ အယူအဆကိုလည်း ဒါနာ ဝှိုက်ထ်က ကိုးကား ပြောဆိုလေ့ ရှိသည်။

ဂျိုကွန်ဒိုသည် အမ်အမ်အေနှင့် မတူကြောင်း သို့သော် လွတ်လပ်သည့် ဟန်ပန်တို့ဖြင့် ပြည့်စုံနေသည့် ယှဉ်ပြိုင် တိုက်ခိုက်သူဖြစ်ရန် ပထမဆုံး သင်ကြား ပို့ချခဲ့သူ ဖြစ်ခြင်းကြောင့် အမ်အမ်အေ၏ ဖခင်ကြီးအဖြစ် ခေါ်ဝေါ်သည်မှာ သင့်လျော်ပါကြောင်းဖြင့် ဘရုစ္စ၏ သမီးဖြစ်သူ ရှန်နွန်လီကလည်း ပြောဆိုခဲ့ဖူးသည်။

၎င်းတို့၏ ဘဝတွင် လီ၏ ဩဇာသက်ရောက်မှုများ ရှိခြင်းကြောင့် ယခုကဲ့သို့ လျှောက်လှမ်းနိုင်ကြခြင်း ဖြစ်ကြောင်းကိုလည်း ပြေးခုန်ပစ် အားကစားသမားများ ဖျော်ဖြေ တင်ဆက်သူများနှင့် လူထု ပရိသတ်ပေါင်းများစွာတို့က အသိအမှတ်ပြု ထုတ်ဖော် ပြောဆိုခဲ့ကြသည်။

ဘရုစ္စသည် အမေရိကန်ပြည်ထောင်စုနှင့် တရုတ်ယဉ်ကျေးမှု နှစ်ခုစလုံးအား ဆောင်ကြဉ်းခဲ့သူ ဖြစ်သည်။ ရာစုနှစ်ပေါင်းများစွာ သက်





တမ်းရှိသည့် ကိုယ်ခံပညာ နည်းစနစ်တို့ကို အနောက်တိုင်းသားတို့အား သင်ကြား ပို့ချပေးခဲ့သည်။ ခေတ်ပေါ် ရုပ်ရှင်ဖန်တီးသည့် နည်းစနစ်တို့ကို လည်း အရှေ့တိုင်းသားတို့ထံ ဆောင်ကြဉ်းပေးခဲ့သည်။

'မိုးကောင်းကင်ကြီး အောက်မှာ ကောင်းကင်ဘုံရဲ့ အောက်မှာ မိသားစု တစ်ခုပဲ ရှိပါတယ်'ဟု ဘရုစ္စက ပြောဆိုခဲ့ဖူးသည်။ 'ဘာတွေပဲ ဖြစ်ဖြစ် ဘယ်လိုပဲ ကွဲကွဲ မိသားတစ်စုတည်းပါပဲ'


ရုပ်ရှင် အမျိုးအစားသစ်တစ်ခု ဖန်တီးခဲ့သူ အဖြစ်လည်း ဘရုစ္စအား အသိအမှတ် ပြုထားကြသည်။ မည်သို့ပင် ဖြစ်စေကာမူ သမိုင်းတွင် အကြီး ကျယ်ဆုံးသော ကိုယ်ခံပညာရှင် တစ်ဦးအဖြစ်လည်း ဖြစ်သည်။ သူသည် အတွေးအခေါ် ပညာရှင်၊ ဆရာနှင့် ရုပ်ရှင်သရုပ်ဆောင်လည်း ဖြစ်၏။ ကဗျာ တို့ကိုလည်း ရေးစပ် သီကုံးခဲ့ဖူးသည်။ ယင်းကိစ္စရပ် အလုံးစုံတို့အား သုံး ဆယ့်နှစ်နှစ်တာ ကာလတိုလေးအတွင်း လုပ်ဆောင်ခဲ့ခြင်းလည်း ဖြစ်သည်။

'တစ်ခုခုကို ရှာဖွေ တွေ့ရှိတဲ့နေ့အဖြစ် နေ့စဉ်နေ့တိုင်း ရှင်သန် နေ ထိုင်ခဲ့သူပါ'ဟုလည်း သူ၏ ဇနီးသည် လင်ဒါက ဆီယေးတဲလ်၌ ကျင်းပ သော အသုဘ အခမ်းအနားတွင် ပြောကြားခဲ့သည်။ 'သူ့ရဲ့ သုံးဆယ့်နှစ် နှစ်တာ ကာလဟာ လှုပ်ရှား ရှင်သန်နေတဲ့ နှစ်ကာလတွေပါ။ ကိုယ့်ရဲ့ ပြင်ပ ကဘာဝကို ရှာဖွေဖို့နဲ့ နားလည် သဘောပေါက်ခြင်း မရှိသေးတဲ့ ကိုယ်တွင်း က ဘဝကို ရှာဖွေဖို့ လူတွေဟာ ရုန်းကန် လှုပ်ရှားနေကြရတယ်လို့ သူက ယုံကြည်ခဲ့သူပါ'။

## ဂျက်ကီချန်း

ဘရုစ္စလီ ကွယ်လွန်ပြီးချိန်မှ အစပြု၍ ရုပ်ရှင်ပိတ်ကားထက်၌ အောင်မြင်မှု အရဆုံးသော ကိုယ်ခံပညာသည်မှာ ဂျက်ကီချန်း ဖြစ်သည်။ ဂျက်ကီချန်းအား ၁၉၅၄ ခုနှစ်တွင် ဟောင်ကောင်၌ မွေးဖွားခဲ့သည်။ ဆယ့်ခုနစ်နှစ်သား အရွယ်၌ 'ဒေါသလက်သီး' ရုပ်ရှင်ဇာတ်ကားတွင် စတန့်မင်းသားအဖြစ် ပါဝင် သရုပ်ဆောင်ခဲ့သည်။ နောက်ပိုင်းတွင် 'နဂါးခံတွင်း' ဇာတ်ကား၌လည်း စတန့်မင်းသားအဖြစ် ဝင်ရောက် အလုပ် လုပ်ကိုင်ခဲ့သည်။





ဟောင်ကောင် ရုပ်ရှင်ဇာတ်ကား အမြောက်အမြားတွင် ပါဝင် သရုပ်ဆောင်ပြီးနောက် ဟောလီးဝုဒ်သို့ ပြောင်းရွှေ့လာခဲ့ပြီး အမေရိကန်ပြည်ထောင်စုတွင် သရုပ်ဆောင် အကျော်အမော်တစ်ဦး ဖြစ်လာခဲ့သည်။ သူ၏ သက်တမ်းတစ်လျှောက် ရုပ်ရှင်ဇာတ်ကားပေါင်း တစ်ရာကျော်တွင် ပါဝင် သရုပ်ဆောင်ခဲ့ပြီး ဖြစ်သည်။ လူကြိုက်များလှသည့် 'လူသွားလူလာများချိန်' (**Rush Hour**) ဇာတ်လမ်းတွဲများ အပါအဝင် သူပါဝင်သော ရုပ်ရှင်ဇာတ်ကား အတော်များများမှာ ဝင်ငွေ စံချိန်ချိုးသော ရုပ်ရှင်ဇာတ်ကားများ ဖြစ်ကြသည်။

သူ၏ အသက်မွေးဝမ်းကျောင်း အလုပ်၌ ဘရုစ္စလီသည် ဩဇာလွှမ်းမိုးမှု ကြီးမားကြောင်း ချန်းက အသိအမှတ် ပြုထား၏။ သို့သော် ကိုယ်ခံပညာသည် သရုပ်ဆောင် အများစုတို့က ဘရုစ္စအား ပုံတူကူးချရန် အားထုတ်နေကြချိန်တွင် အနည်းအကျဉ်း တစ်မူထူးခြားအောင် သရုပ်ဆောင်ခဲ့ခြင်းကြောင့် ချန်း ကျော်ကြားလာခဲ့သည်။ ကိုယ်ခံပညာနှင့် ပတ်သက်၍ ပုံမှန် လေ့ကျင့်ခန်းတို့ကိုပင် များများစားစား လုပ်ဆောင်လေ့ မရှိပေ။ သူ၏ ရုပ်ရှင်ဇာတ်ကားတို့တွင် ဟာသ သရုပ်ဆောင်မှုတို့ကြောင့် ပို၍ လူသိများလာခြင်း ဖြစ်သည်။ 'ကျွန်တော်က ဘရုစ္စလီ နောက်တစ်ယောက် လုံးဝ မဖြစ်ချင်ပါဘူး'ဟုလည်း သူက ပြောဆိုခဲ့ဖူးသည်။ 'ပထမဆုံး ဂျက်ကီချန်းလောက်ပဲ ဖြစ်ချင်တာပါ'။

## the key collection မှ တကြည့်တိုက်စာစဉ် စာအုပ်များ

၁။ တကြည့်တိုက်စာစဉ် (၁)

ပြည်ထောင်စုသမိုင်း ပုံပြင်များ — ဇော်ဂျီ

၂။ တကြည့်တိုက်စာစဉ် (၂)

ဂျပန်ကလေး ပုံပြင်များ — the key collection

၃။ တကြည့်တိုက်စာစဉ် (၃)

အဲလဗတ် အိုင်းစတိုင်း — the key collection

၄။ တကြည့်တိုက်စာစဉ် (၄)

သစ်ပင်လေး၏ အသိပညာ — ခင်စောတင့်

၅။ တကြည့်တိုက်စာစဉ် (၅)

ဒေါက်တာ ရှိုက်ဇာ — the key collection

၆။ တကြည့်တိုက်စာစဉ် (၆)

ဥရောပ ဒဏ္ဍာရီ သုံးပုဒ် — တက်တိုး

၇။ တကြည့်တိုက်စာစဉ် (၇)

ဟင်နရီ ဖို့ဒ် — the key collection

၈။ တကြည့်တိုက်စာစဉ် (၈)

မာသာ ထရီဆာ — the key collection

၉။ တကြည့်တိုက်စာစဉ် (၉)

သောမတ်စ် ဂျက်ဖာဆင် — the key collection

၁၀။ တကြည့်တိုက်စာစဉ် (၁၀)

အသောက — the key collection

၁၁။ တကြည့်တိုက်စာစဉ် (၁၁)

အေဗရာဟင် လင်ကွန်း — the key collection

၁၂။ စာကြည့်တိုက်စာစဉ် (၁၂)

| | |
|---|---|
| မင်းကြီးရွှေလရောင် | ငွေလင်း |

၁၃။ စာကြည့်တိုက်စာစဉ် (၁၃)

| | |
|---|---|
| ပြည်ထောင်စုသမိုင်း မှတ်တိုင်များ | ဇော်ဂျီ |

၁၄။ စာကြည့်တိုက်စာစဉ် (၁၄)

| | |
|---|---|
| အလာဒင် | သခင်ဘသောင်း |

၁၅။ စာကြည့်တိုက်စာစဉ် (၁၅)

| | |
|---|---|
| အင်ဒီဝါးဟိုး | the key collection |

၁၆။ စာကြည့်တိုက်စာစဉ် (၁၆)

| | |
|---|---|
| အိုဘားမား | the key collection |

၁၇။ စာကြည့်တိုက်စာစဉ် (၁၇)

| | |
|---|---|
| ဂျွန် အက်ဖ် ကနေဒီ | the key collection |

၁၈။ စာကြည့်တိုက်စာစဉ် (၁၈)

| | |
|---|---|
| စတိဗ် ဂျော့ဘ်စ် | the key collection |

၁၉။ စာကြည့်တိုက်စာစဉ် (၁၉)

| | |
|---|---|
| ဂန္ဒီ | the key collection |

၂၀။ စာကြည့်တိုက်စာစဉ် (၂၀)

| | |
|---|---|
| ရှာဖွေစွန့်စား ဇာနည်ဖွား | the key collection |

၂၁။ စာကြည့်တိုက်စာစဉ် (၂၁)

| | |
|---|---|
| မာလာလာ | the key collection |

၂၂။ စာကြည့်တိုက်စာစဉ် (၂၂)

| | |
|---|---|
| ကမ္ဘာ့သိပ္ပံပါရဂူများ | the key collection |

၂၃။ စာကြည့်တိုက်စာစဉ် (၂၃)

| | |
|---|---|
| နယ်လ်ဆင် မင်ဒဲလား | the key collection |

၂၄။ စာကြည့်တိုက်စာစဉ် (၂၄)

| | |
|---|---|
| ဆာကာဂါဝီ | the key collection |

| | |
|---|---|
| ၂၅။ စာကြည့်တိုက်စာစဉ် (၂၅) | |
| ကလော့ဒ် မိုးနေး | the key collection |
| ၂၆။ စာကြည့်တိုက်စာစဉ် (၂၆) | |
| ဂရိပညာရှိများနှင့် သိပ္ပံပညာ | the key collection |
| ၂၇။ စာကြည့်တိုက်စာစဉ် (၂၇) | |
| အာဇာနည်ခေါင်းဆောင်ကြီးများနှင့် | |
| အာဇာနည်နေ့ဖြစ်စဉ် | မောင်ဇေယျာ |
| ၂၈။ စာကြည့်တိုက်စာစဉ် (၂၈) | |
| ဝင်စတန် ချာချီ | the key collection |
| ၂၉။ စာကြည့်တိုက်စာစဉ် (၂၉) | |
| လီယိုနာဒို ဒါ ဗင်ချီ | the key collection |
| ၃၀။ စာကြည့်တိုက်စာစဉ် (၃၀) | |
| ဟယ်လင် ကဲလား | the key collection |
| ၃၁။ စာကြည့်တိုက်စာစဉ် (၃၁) | |
| ဗစ်တိုးရီးယား | the key collection |
| ၃၂။ စာကြည့်တိုက်စာစဉ် (၃၂) | |
| မာတင် လူသာ ကင်း၊ ဂျူနီယာ | the key collection |
| ၃၃။ စာကြည့်တိုက်စာစဉ် (၃၃) | |
| ပါဘလို ပီကာဆို | the key collection |
| ၃၄။ စာကြည့်တိုက်စာစဉ် (၃၄) | |
| မရီခါ မီလို | the key collection |
| ၃၅။ စာကြည့်တိုက်စာစဉ် (၃၅) | |
| အိုက်ဇက် နယူတန် | the key collection |
| ၃၆။ စာကြည့်တိုက်စာစဉ် (၃၆) | |
| ချားလ်စ် ဒါဝင် | the key collection |
| ၃၇။ စာကြည့်တိုက်စာစဉ် (၃၇) | |
| တာ့ထ် ဘုရင်ကြီး | the key collection |

၃၈။ စာကြည့်တိုက်စာစဉ် (၃၈)

ဂျော့ ဝါရှင်တန် — the key collection

၃၉။ စာကြည့်တိုက်စာစဉ် (၃၉)

ဟီလာရီ ကလင်တန် — the key collection

၄၀။ စာကြည့်တိုက်စာစဉ် (၄၀)

လူးဝစ္စ ဘရေးလ် — the key collection

၄၁။ စာကြည့်တိုက်စာစဉ် (၄၁)

ဘောဘ် ဒီလန် — the key collection

၄၂။ စာကြည့်တိုက်စာစဉ် (၄၂)

ဖရက်ဒရစ် ဒေါက်ကလပ် — the key collection

၄၃။ စာကြည့်တိုက်စာစဉ် (၄၃)

ဘီလ်ဂိတ်စ် — the key collection

၄၄။ စာကြည့်တိုက်စာစဉ် (၄၄)

မာကိုပိုလို — the key collection

၄၅။ စာကြည့်တိုက်စာစဉ် (၄၅)

ဂျင်ဂစ် ခန် — the key collection

၄၆။ စာကြည့်တိုက်စာစဉ် (၄၆)

ဝုဖ်ဂန်းဂ် အမဒ်ဒဲလ်စ် မိုးဇာ့ထ် — the key collection

၄၇။ စာကြည့်တိုက်စာစဉ် (၄၇)

ဖရန့် လွိုက်ဒ် ရိုက်ထ် — the key collection

၄၈။ စာကြည့်တိုက်စာစဉ် (၄၈)

မာရီ အန်တွိုင်းနက် — the key collection

၄၉။ စာကြည့်တိုက်စာစဉ် (၄၉)

ဂျူးလီယက် ဆီဆာ — the key collection

၅၀။ စာကြည့်တိုက်စာစဉ် (၅၀)

အယ်လက်ဇန်းဒါး — the key collection

၅၁။ စာကြည့်တိုက်စာစဉ် (၅၁)

မာရီ ကျူရီ — the key collection

၅၂။ စာကြည့်တိုက်စာစဉ် (၅၂)

ဘင်ဂျမင် ဖရင်ကလင် — the key collection

၅၃။ စာကြည့်တိုက်စာစဉ် (၅၃)

ဝီလျံ ရှိတ်စပီးယား — the key collection

၅၄။ စာကြည့်တိုက်စာစဉ် (၅၄)

ဂျော့ ဝါရှင်တန် ကားဗား — the key collection

၅၅။ စာကြည့်တိုက်စာစဉ် (၅၅)

အန်း ဖရန့်ခ် — the key collection

၅၆။ စာကြည့်တိုက်စာစဉ် (၅၆)

ဂျိန်း ဂူးဒေါလ် — the key collection

၅၇။ စာကြည့်တိုက်စာစဉ် (၅၇)

စစ်ထိတ်တင်း ဘူးလ် — the key collection

၅၈။ စာကြည့်တိုက်စာစဉ် (၅၈)

ဂျာ့ဂ် ကော့စတျူး — the key collection

၅၉။ စာကြည့်တိုက်စာစဉ် (၅၉)

ဂယ်လီလီယို — the key collection

၆၀။ စာကြည့်တိုက်စာစဉ် (၆၀)

အဲလ်ဖရက်ဒ် ဟစ်ချ်ကော့ခ် — the key collection

၆၁။ စာကြည့်တိုက်စာစဉ် (၆၁)

ခရစ္စတိုဖာ ကိုလံဘတ်စ် — the key collection

၆၂။ စာကြည့်တိုက်စာစဉ် (၆၂)

မဟာတံတိုင်း — the key collection

၆၃။ စာကြည့်တိုက်စာစဉ် (၆၃)

အေမီလီယာ အီးရားဟာ့တ် — the key collection

၆၄။ စာကြည့်တိုက်စာစဉ် (၆၄)

ဂလိုရီယာ စတီနမ် — the key collection

၆၅။ စာကြည့်တိုက်စာစဉ် (၆၅)

အယ်လီနာ ရုစဗဲ့ — the key collection

၆၆။ စာကြည့်တိုက်စာစဉ် (၆၆)

ဘရုစ္စ စပရင်းစတင်း — the key collection

၆၇။ စာကြည့်တိုက်စာစဉ် (၆၇)

ချားလ်စ် ဒစ်ကင်းစ် — the key collection

၆၈။ စာကြည့်တိုက်စာစဉ် (၆၈)

မာ့ခ်တွိန်း — the key collection

၆၉။ စာကြည့်တိုက်စာစဉ် (၆၉)

ရိုက် ညီနောင် — the key collection

၇၀။ စာကြည့်တိုက်စာစဉ် (၇၀)

မိုဟာမက် အလီ — the key collection